# ကြေးမုံ

**The Mirror**

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ အင်္ဂါနေ့၊ (1-5-2012) (၇၁၇)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## အားလုံးပါဝင်သော နိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ် ထူထောင်နိုင်ရေးအတွက် နိုင်ငံရေးပါတီအားလုံးနှင့် ထိတွေ့ဆောင်ရွက်လျက်ရှိ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဒီမိုကရေစီကို လွတ်လပ်မှန်ကန်စွာကျင့်သုံးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ၌ နိုင်ငံတကာနှင့် ပိုမိုထိတွေ့ဆက်ဆံနိုင်ရန် အကူအညီများပေးမည် အမျိုးသားလွှတ်အခွင့်အရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်နေမှုကို ကြိုဆိုအသိအမှတ်ပြု

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း

နေပြည်တော် ဧပြီ ၃၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki-moon ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki-moon ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊

**စာမျက်နှာ ၂ ကော်လံ ၃ သို့◆**

## ဥပဒေနှင့် နည်းဥပဒေများ သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး အလုပ်သမားအဖွဲ့အစည်းများကို ဖွဲ့စည်းခွင့်ပြုထားပြီးဖြစ် နိုင်ငံတော်အတွင်း အဓမ္မခိုင်းစေမှု ပပျောက်ရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

၂၀၁၂ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ကျရောက်သည့် အလုပ်သမားနေ့အခါသမယတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့၏ ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအားများဖြင့် အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိကြသော နိုင်ငံတစ်ဝန်းရှိ အလုပ်သမားကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

နှစ်စဉ် မေလ ၁ ရက်နေ့ကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ အလုပ်သမားများအား ဂုဏ်ပြုသည့်အနေဖြင့် အလုပ်သမားနေ့အဖြစ် သတ်မှတ်ကျင်းပသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အလုပ်သမားနေ့အခမ်းအနားကို ယခုနှစ်တွင် နိုင်ငံတစ်ဝန်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသောကြောင့် ယနေ့သည် မြန်မာနိုင်ငံရှိ အလုပ်သမားကြီးများအတွက် အဓိပ္ပာယ်အထူးပြည့်ဝသော နေ့ထူးနေ့မြတ်လည်း ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ် ချမှတ်အကောင်အထည်ဖော်

**စာမျက်နှာ ၂ ကော်လံ ၁ သို့❖**

**၂၀၁၂ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။**

❖**ရှေ့ဖုံးမှ**

ဆောင်ရွက်ရာတွင် လူတိုင်းအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များ ရရှိရေးကိစ္စရပ်သည် အခြေခံကျသောရည်မှန်းချက်တစ်ရပ်ဖြစ်ပါသည်။ အဆိုပါ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်နှင့်စီးဝင်လာအောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုနယ်မြေများ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်ကြီးများ တိုးချဲ့ထူထောင်ခြင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ဒေသန္တရစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေခြင်း စသည့်စက်မှုလုပ်ငန်းများ ထွန်းကားလာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေမည့်လုပ်သားဈေးကွက် ဖြစ်ပေါ်စေခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်ခြင်းနှင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက်အရေးပါသော အလုပ်သမားများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှုမြှင့်တင်ခြင်းစသည့် မူဝါဒများကို ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယနေ့အချိန်အခါတွင် အလုပ်သမားထုတစ်ရပ်လုံးအတွက် လူမှုရေးတရားမျှတမှုကိုအခြေခံသည့် အကျိုးခံစားခွင့်များ ပြည့်ဝစွာရရှိနိုင်စေရေးအလေးထား ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်လည်းကောင်း၊ အလုပ်သမားများအကြား၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား ဆက်ဆံရေးကောင်းမွန်စေရန်လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းများကို စနစ်တကျနှင့် လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်နိုင်ရန်လည်းကောင်း အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် နည်းဥပဒေများကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး အလုပ်သမားအဖွဲ့အစည်းများကို ဖွဲ့စည်းခွင့်ပြုထားပြီးဖြစ်ပါသည်။

ထို့အပြင် အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများအတွက် လူမှုရေးကာကွယ်စောင့်ရှောက်မှုများ ပိုမိုရရှိနိုင်စေရန် ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်၊ အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှု ဆက်လက်ခံယူခွင့်၊ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်၊ နာရေးစရိတ်ခံစားခွင့်၊ ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် အိမ်ရာစီမံကိန်း စသည့်အကျိုးခံစားခွင့်များပါဝင်သော လူမှုဖူလုံရေးဥပဒေသစ်ကိုလည်း ရေးဆွဲခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်အရ တာဝန်ယူခဲ့သည့် အစိုးရသစ်၏ သက်တမ်း တစ်နှစ်ကျော်လွန်သည့်အချိန်အခါဖြစ်၍ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားလာစေရန်အတွက် အဓမ္မခိုင်းစေမှုကိစ္စရပ်များသည် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လုံးဝပပျောက်သင့်ပြီ ဖြစ်ပါသည်။ အဓမ္မခိုင်းစေမှုဆိုရာတွင် မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှမဆို ကာယကံရှင်၏ဆန္ဒအလျောက် ကမ်းလှမ်းခြင်းမဟုတ်ဘဲ အကျိုးစီးပွား ထိခိုက်ဆုံးရှုံးစေမည်ဟု ခြိမ်းခြောက်လျက် ထိုသူ၏လုပ်အားကို အတင်းအကျပ်ရယူအသုံးပြုသော အလုပ် သို့မဟုတ် ဝန်ဆောင်မှုအားလုံး ပါဝင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အတွင်း အဓမ္မခိုင်းစေမှုပပျောက်ရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုများ လုံးဝပပျောက်စေရေးအတွက် ပူးတွဲမဟာဗျူဟာတစ်ရပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့က စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသောအလုပ်သမားကြီးများခင်ဗျား-**

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် အလုပ်သမားများနှင့် အလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်ရှင်များနှင့် အလုပ်ရှင်အဖွဲ့အစည်းများ အားလုံးတို့သည် နိုင်ငံတော်အစိုးရနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

ကြေးမုံစာတည်းရှုထောင့်

၁-၅-၂၀၁၂ [အင်္ဂါနေ့]။

# အလုပ်သမားထုတစ်ရပ်လုံး အားသွန်ကြိုးပမ်း

မေလ ၁ရက်နေ့ကို နိုင်ငံအသီးသီးတွင် အလုပ်သမားများအား ဂုဏ်ပြုသည့်အနေဖြင့် အလုပ်သမားနေ့အဖြစ် သတ်မှတ်ထားသည်။ အလုပ်သမားနေ့ရောက်တိုင်း အလုပ်သမားနေ့အခမ်းအနားများ ကျင်းပကြမြဲဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ကုန်ထုတ်လုပ်အားရှင် အလုပ်သမားကြီးများကို ဂုဏ်ပြု၍ နှစ်စဉ်အခမ်းအနားများ သိုက်သိုက်မြိုက်မြိုက် ကျင်းပနေကြဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် အလုပ်သမားနှင့် တောင်သူလယ်သမားများသည် အခြေခံလူတန်းစားများဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၇၀ရာခိုင်နှုန်းသော တောင်သူလယ်သမားတို့က နိုင်ငံ့ဝမ်းစာ စားနပ်ရိက္ခာထုတ်လုပ်ရေးကို တာဝန်ယူနေကြသည်။ သီးနှံစုံအထွက်တိုးပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိသည်။ ထို့အတူ အလုပ်သမားကြီးများကလည်း နိုင်ငံကုန်ထုတ်လုပ်မှုကဏ္ဍအသီးသီးတွင် ပါဝင်လုပ်ကိုင်နေကြသည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဦးတည်ပြီး ပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်နေသည်။ ယင်းသို့လုပ်ဆောင်ရာတွင် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များရရှိရေးသည် အခြေခံကျသောရည်မှန်းချက်တစ်ရပ်ဖြစ်သည်။ အဆိုပါရည်မှန်းချက်အောင်မြင်စေရေးအတွက် အလုပ်လုပ်ကိုင်နိုင်သည့် စက်ရုံ၊ အလုပ်ရုံ၊ စက်မှုနယ်မြေများ၊ စက်မှုဇုန်များ အထူးစီးပွားရေးဇုန်ကြီးများ တိုးချဲ့ထူထောင်ကြရပေလိမ့်မည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝသယံဇာတကြွယ်ဝသည်။ အလုပ်သမားအင်အား ပေါများပြည့်စုံသည်ဟု ဆိုနိုင်သည်။ ယနေ့အချိန်အခါတွင် နိုင်ငံ၏ တိုးတက်ပြောင်းလဲလာနေသော နိုင်ငံရေး၊ စီးပွားရေး အခြေအနေများနှင့်အတူ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့် စီးဝင်လာနေသည်။ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ စက်မှုနယ်မြေကြီးများ တိုးချဲ့တည်ဆောက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိကစက်မှုဇုန်များ၊ သွင်းကုန်အစားထိုး စက်ရုံအများအပြားလည်း ပေါ်ထွက်လာလျက်ရှိသည်ကို တွေ့နေရပြီ။

စက်မှုကဏ္ဍတွင် အထူးစီးပွားရေးဇုန်ကြီးများ တိုးချဲ့ထူထောင်လာနိုင်ခြင်း၊ အသေးစား၊ အလတ်စားနှင့် ဒေသန္တရစီးပွားရေးလုပ်ငန်းများ တိုးတက်လာခြင်းတို့သည် စက်မှုကဏ္ဍဖွံ့ဖြိုးလာမည့်အလားအလာများပင်ဖြစ်သည်။ စက်မှုလုပ်ငန်းများ ထွန်းကားလာမှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေမည်။ တစ်ချိန်တည်းတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပေါ်ထွက်လာပြီး ကျွမ်းကျင်သည့်လုပ်သားဈေးကွက်လည်း ဖြစ်ပေါ်လာမည်ဖြစ်သည်။

ယခုအခါ အလုပ်သမားအဖွဲ့အစည်းများကို စနစ်တကျနှင့် လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်မည့် အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် နည်းဥပဒေများကို သတ်မှတ်ပြဋ္ဌာန်းထားပြီဖြစ်သည်။ အလုပ်သမားများအကြား၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆက်သွယ်ဆက်ဆံရေးများ ကောင်းမွန်လာစေမည့် အစီအမံများဖြစ်သည်။ တစ်နည်းအားဖြင့် အလုပ်သမားများ၏ အခွင့်အရေးများကို ပို၍ကာကွယ်စောင့်ရှောက်လာနိုင်ပေတော့မည်။

ထို့အတူ အလုပ်သမားများနှင့် မိသားစုများ ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်၊ အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှု ဆက်လက်ခံယူခွင့်၊ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်၊ နာရေးစရိတ်ခံစားခွင့်၊ ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် အိမ်ရာစီမံကိန်း စသည် စသည် အကျိုးခံစားခွင့်များပါဝင်သည့် လူမှုဖူလုံရေးဥပဒေသစ်ကိုလည်း ရေးဆွဲခဲ့ပြီးဖြစ်သည်။

နိုင်ငံခေတ်မီဖွံ့ဖြိုးမှ ပြည်သူအများအကျိုးစီးပွား ပိုမိုအကျိုးဖြစ်ထွန်း ခံစားကြရပေမည်။ ခေတ်မီဖွံ့ဖြိုးသည့်နိုင်ငံထူထောင်ရာတွင် စက်မှုကဏ္ဍ တိုးတက်ရေးသည် အဓိကဖြစ်သည်။ သို့ဖြစ်၍ စက်ရုံ၊ အလုပ်ရုံ၊ ကုန်ထုတ်လုပ်ငန်းခွင်အသီးသီးတွင် ပါဝင်လုပ်ကိုင်နေကြသည့် အလုပ်သမားထုကြီး တစ်ရပ်လုံးက မိမိတို့၏ ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအားအလိုက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ပါသည်။ ။

◆**အားလုံးပါဝင်သောမှ**

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးသန်းဆွေနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်အတူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော Mr. Vijay Nambiar၊ Ms. Noeleen Heyzer၊ Ms. Judy Cheng-Hopkins နှင့် ကုလသမဂ္ဂရုံးမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ရှေးဦးစွာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki-moon က ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီလုပ်ငန်းစဉ်အောင်မြင်နေမှုများအား အားပေးလို၍ ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏လုပ်ငန်းများ အမြန်ဆုံးအပြည့်အဝ တိုးမြှင့်လုပ်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင် ကုလသမဂ္ဂမှ နည်းပညာ၊ အုပ်ချုပ်မှုနှင့် ဘဏ္ဍာရေးကဏ္ဍပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ၌ နိုင်ငံတကာနှင့် ပိုမိုထိတွေ့ဆက်ဆံဆောင်ရွက်နိုင်ရန် အကူအညီများပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှု ကင်းစင်ပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ UNODC မှတစ်ဆင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုပါကြောင်းနှင့် ထောက်ခံအားပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ကုလသမဂ္ဂအနေဖြင့် ပိုမိုပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် ငြိမ်းချမ်းရေးဆောင်ရွက်မှုရန်ပုံငွေများကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း၊ မြေမြှုပ်မိုင်းရှင်းလင်းရေးကိစ္စများကိုလည်း ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းပဋိပက္ခဖြစ်ပွားရာဒေသများတွင် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ပံ့ပိုးနိုင်ရေးအတွက် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကူညီဆောင်ရွက်နိုင်အောင် အခွင့်အလမ်းများ ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်နေမှုကို ကြိုဆိုအသိအမှတ်ပြုပါကြောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်းနှင့် နည်းပညာဆိုင်ရာပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ RIO + (UN Conference on Sustainable Development ) အစည်းအဝေးသို့ ဒုတိယသမ္မတ တက်ရောက်မည်ဖြစ်၍ ဝမ်းမြောက်ပါကြောင်း၊ လာမည့်စက်တင်ဘာလတွင်ကျင်းပမည့် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ သမ္မတကြီး တက်ရောက်နိုင်ပါရန် ဖိတ်ကြားပါကြောင်းနှင့် တက်ရောက်နိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် ကုလသမဂ္ဂ၏ အားပေးကူညီဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီလုပ်ငန်းစဉ်များ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်၍ ကျေးဇူးတင်ရှိပါကြောင်း၊ ပြည့်ဝရင့်ကျက်သော ဒီမိုကရေစီတစ်ရပ်ဖြစ်လာစေရန် ထပ်မံကြိုးပမ်းဆောင်ရွက်သွားရဦးမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ဆောင်ရွက်ရန် နှစ်ပိုင်းရှိပါကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှု လုပ်ငန်းစဉ်နှင့် ပြည်တွင်း ပဋိပက္ခချုပ်ငြိမ်းရေး လုပ်ငန်းစဉ်တို့ပင်ဖြစ်ပါကြောင်း။

နိုင်ငံရေးတည်ငြိမ်မှုနှင့်ပတ်သက်၍ အားလုံးပါဝင်သော နိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ်ထူထောင်နိုင်ရေးအတွက် နိုင်ငံရေးပါတီအားလုံးနှင့် ထိတွေ့ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်လည်း အတူတကွပူးပေါင်းဆောင်ရွက်နိုင်မည့်အဆင့်တစ်ရပ်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဒီမိုကရေစီကို လွတ်လပ်မှန်ကန်စွာကျင့်သုံးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပြည်တွင်းပဋိပက္ခများချုပ်ငြိမ်းရေးနှင့် စပ်လျဉ်း၍ ယခုအချိန်အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၁)ဖွဲ့အနက် (၁၀)ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများ ဆွေးနွေးလုပ်ဆောင်နိုင်နေပြီ ဖြစ်ပါကြောင်း၊ KIO အဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ထိတွေ့ဆောင်ရွက်ရာတွင် အချို့အချက်များ၌ သဘောထားကွဲပြားမှုများ ရှိနေသေးသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်နေခြင်းကြောင့် မကြာမီ အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်မည်ဟု မျှော်လင့်ပါကြောင်း၊ အဆိုပါဒေသရှိ ပြည်သူများအတွက်လူသားချင်းစာနာမှု အကူအညီများကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးတိုးတက်ရရှိလာသည်နှင့်အမျှ UNDP၊ WFP၊ ICRC စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ လူသားချင်းစာနာမှုအကူအညီများ၊ ပြန်လည်နေရာချထားရေး၊ စားဝတ်နေရေး၊ အလုပ်အကိုင်ရရှိရေး၊ လူမှုရေးဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များသည် အဓိကဦးစားပေးလုပ်ငန်းစဉ်များဖြစ်၍ UNDP ကဲ့သို့ အဖွဲ့အစည်းများမှ ပါဝင်ကူညီဆောင်ရွက်စေလိုပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရေးအတွက် ESCAP မှ နည်းပညာနှင့် လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်၍ လိုအပ်သောအကူအညီများကို ပံ့ပိုးကူညီပေးစေလိုပါကြောင်း။

မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရေးတို့အတွက် တိုက်တွန်းပေးစေလိုပါကြောင်း၊ ယခုအခါ နိုင်ငံအတော်များများမှ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများကို ရုပ်သိမ်းပေးပြီးဖြစ်၍ EU ၏စီးပွားရေးပိတ်ဆို့မှု ယာယီရပ်ဆိုင်းခြင်းမှသည် အပြည့်အဝရုပ်သိမ်းလာအောင် တိုက်တွန်းပေးစေလိုပါကြောင်း။

ဘိန်းအစားထိုးသီးနှံစိုက်ပျိုးနိုင်ရေး၊ တရားမဝင်မူးယစ်ဆေးအလွဲသုံးမှုများ ပပျောက်စေရေးတို့အတွက်လည်း UNODC နှင့် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များ၌ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးအဖွဲ့များ၊ ပြည်တွင်းအဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းအားလုံးသည် နိုင်ငံတော်အစိုးရနှင့် ထာဝရငြိမ်းချမ်းရေးသဘောတူညီချက်များကို လွှတ်တော်အတွင်း အပြီးသတ်သဘောတူညီလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်လည်း လွှတ်တော်အတွင်းမှ ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အရေးရရှိမည်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံတို့အကြား ခိုင်မာသောဆက်ဆံမှုများ ပိုမိုဆောင်ရွက်နိုင်ရေး၊ ကုလသမဂ္ဂ၏လုပ်ငန်းများနှင့် ကုလသမဂ္ဂက ဖော်ဆောင်နေသည့် ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် ပိုမိုပူးပေါင်းပါဝင်နိုင်ရေးအတွက် မိမိတို့လိုလားပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၅-၂၀၁၂ (အင်္ဂါနေ့)

| | |
|---|---|
| ၇း၀၅ | တရားတော် |
| ၈း၁၅ | ဇာတ်လမ်းတို |
| ၄း၂၀ | မှတ်တမ်း |
| ၄း၃၅ | အင်္ဂလိပ်စာသုတ |
| ၅း၀၀ | သာယာသီကြွေး |
| | ခေတ်ဆန်းတေး |
| ၅း၃၅ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း** |
| | **-ဟာသလွှင်ပြင်** |
| | **(အပိုင်း-၁၀၂)** |
| ၆း၂၅ | Guide for You |
| ၆း၃၀ | အောင်မြင်ခြင်းလမ်းမ |
| ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း** |
| | **“သူရဲကောင်းလေး** |
| | **ကျွန်မချစ်သူ”** |
| | **(အပိုင်း-၁၈)** |
| | -ဟာသရုပ်စုံ |
| | -မွေးမြူသုတ |
| | -တစ်လအတွင်းအကြိုက်ဆုံး |
| | ဗီစီဒီတေးများ |
| | **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း** |
| | **“ကိုလူချောလေးရဲ့** |
| | **ဒုတိယအစီအစဉ်”** |
| | **(အပိုင်း-၁၈)** |
| | -Mini Series |

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၀ - ၄ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၂၄. ၀၀၀ | ၀. ၀၀၁၂၂ |
| ထိုင်း (ဘတ်) | ၃၀. ၇၈၄၉ | ၀. ၀၃၂၄၈ |
| တရုတ် (ယွမ်) | ၆. ၃၁၃၁၆ | ၀. ၁၅၈၄၀ |
| အိန္ဒိယ (ရူပီး) | ၅၂. ၇၀၈၀ | ၀. ၀၁၈၉၇ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၂၅၉၀ | ၀. ၃၃၀၄၈ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၃၆၅၅ | ၀. ၈၀၈၇၀ |
| ဂျပန် (ယန်း) | ၈၀. ၁၁၀၃ | ၀. ၀၁၂၄၈ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၈. ၀၉ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၅၆၂၉ | ၁. ၃၂၂၂၄ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၁၅၆၆ | ၁. ၆၂၄၂၈ |

**အင်တာနက်။**

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဧပြီ ၃၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ရောက်ရှိနေသော ဧည့်သည်တော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**



အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအား ခရီးစဉ်မှတ်တမ်းအယ်လ်ဘမ်ကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့သည် ဖျော်ဖြေကြသောအနုပညာရှင်များအား လက်ဆောင်ပန်းခြင်းပေးအပ်ပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။** (သတင်းစဉ်)

# ကုန်သွယ်မှုလုပ်ငန်းများ၊ နိုင်ငံတကာကုန်သွယ်မှုနှင့် ပတ်သက်သည့် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး စွမ်းဆောင်ရည်မြင့်မားစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်

နေပြည်တော် ဧပြီ ၃၀

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပသော ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၂) သင်တန်းဆင်းပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။**



ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်၏စီးပွားရေးရည်မှန်းချက်များ၊ ကုန်သွယ်ရေး အခြေခံမူဝါဒများ၊ ကုန်သွယ်ရေးရည်မှန်းချက်များနှင့်အညီ ကုန်သွယ်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပို့ကုန်သွင်းကုန် သင်တန်းများကို ရက်တိုသင်တန်း၊ ပုံမှန်သင်တန်း၊ နယ်လှည့်သင်တန်းများအနေနှင့် လည်းကောင်း၊ အခြားဌာနများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များမှ ဖိတ်ခေါ်သော သင်တန်းများတွင် သွားရောက်ဟောပြောပို့ချခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း၊ ဝန်ကြီးဌာနအတွင်း လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာန၏ ကုန်သွယ်မှုလုပ်ငန်းများ၊ နိုင်ငံတကာ ကုန်သွယ်မှုနှင့် ပတ်သက်သည့် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး စွမ်းဆောင်ရည်မြင့်မားစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ဌာန၏ အသွင်သဏ္ဌာန်နှင့်အနှစ်သာရ ပြောင်းလဲရေး၌ တစ်ထောင့်တစ်နေရာမှ အင်သစ်အားသစ် အသိပညာသစ်တို့ဖြင့် အားဖြည့်ဆောင်ရွက်သွားရေး၊ သတ်မှတ်ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် အချင်းချင်းစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက သင်တန်းနည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထူးက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၆၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၂) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။**(သတင်းစဉ်)

# သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် မဟာရန်ကုန်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့အား ဂျပန်နိုင်ငံနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည်

**ရန်ကုန် ဧပြီ ၃၀**

သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းနှင့် မဟာရန်ကုန်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့အား မြန်မာ-ဂျပန် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ချစ်ကြည်ရေးခရီးစဉ်တွင် နှစ်နိုင်ငံ တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ၏ အပြုသဘော ဖြစ်ပေါ်တိုးတက်နေမှုများကို ဂျပန်နိုင်ငံအနေဖြင့် ချမှတ်ထားသည့် မြန်မာနိုင်ငံဆိုင်ရာ မူဝါဒများကို ပြန်လည်သုံးသပ်လျက်ရှိပြီး မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများအတွက် ဂျပန်နိုင်ငံက အဓိကမဏ္ဍိုင်သုံးရပ်ဖြင့် ကူညီပံ့ပိုးပေးသွားမည်ဟု ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရိုရှိဟီကိုနိုဒက နိုင်ငံတော်သမ္မတ၏ ခရီးစဉ်တွင် ဆွေးနွေးပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးအခြေခံ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လိုအပ်သည့် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ တည်ဆောက်ရေး၊ ရန်ကုန်မြို့၏ သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်အဆင့်မြင့်စေရေးအတွက် Master Plan ရေးဆွဲဆောင်ရွက်နိုင်ရေးတို့အတွက် အကူအညီပေးသွားမည်ဟု ဆိုသည်။ ယင်းအပြင် သီလဝါ အထူးစီးပွားရေးဇုန်ရေနက်ဆိပ်ကမ်း စီမံကိန်းအား မြန်မာ-ဂျပန် နှစ်နိုင်ငံ ဖက်စပ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းစီမံကိန်း ဆောလျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်အတွက် အစိုးရ၊ ပုဂ္ဂလိက လက်တွေ့ ပူးပေါင်းဆောင်ရွက်သွားရေးကိုလည်း ဂျပန်ဝန်ကြီးချုပ်က တိုက်တွန်းပြောကြားသွားခဲ့သည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း မြန်မာနိုင်ငံ၏ အဓိကကျသော၊ အဓိကစီးပွားရေး အခြေခံဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍအတွက် နည်းပညာနှင့် အကူအညီများ ပံ့ပိုးပေးရန်ကိစ္စကိုလည်း ဆွေးနွေးသွားခဲ့သည်။

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား သီလဝါ ပင်မစီမံကိန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုအပေါ် ရည်ရွယ်သည့် နားလည်မှုစာချွန်လွှာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr.Koichiro GEMBA နှင့် ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Mr.Yukio EDANO တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ နိုင်ငံတော်သမ္မတကြီးနှင့် အဖွဲ့အား ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် မဟာရန်ကုန်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြသည်။

မဟာရန်ကုန်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဂျပန်နိုင်ငံမှ ကူညီပံ့ပိုးဆောင်ရွက်ပေးမည့်အပေါ် ရန်ကုန်မြို့ခံများကလည်း ကျေနပ်ကြိုဆိုလျက်ရှိကြသည်။ မြို့ပြ စီမံကိန်းဖွံ့ဖြိုးရေး၊ မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍများ အဆင့်မြင့်ဖွံ့ဖြိုးလာရေးအတွက် ဆန္ဒရှိနေကြသည်။ နည်းပညာမြင့် ဖွံ့ဖြိုးပြီးဖြစ်သော ဂျပန်နိုင်ငံ၏ အကူအညီကိုလည်း လိုလိုလားလား လက်ခံလိုကြသည်ဟု သိရသည်။

ယခင်ကလည်း ဂျပန်နိုင်ငံမှ ရန်ကုန်မြို့ပြ ရထားစီမံကိန်းအတွက် လေ့လာဆောင်ရွက်မှုများ ရှိခဲ့သည်ဟု သိရသည်။ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ ရန်ကုန်မြို့ပြစီမံကိန်းနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အိမ်နီးချင်း နိုင်ငံအချို့အပြင် နိုင်ငံတကာမှလည်း စိတ်ဝင်စားလျက်ရှိကြသည်။ ယခင်က မလေးရှားနိုင်ငံကလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းကာ ရန်ကုန်ဒေသမဟာဗျူဟာစီမံကိန်းကြီးကို ရေးဆွဲခဲ့သည်။ သို့သော် ထိုစီမံကိန်းအတိုင်း အကောင်အထည်ဖော်ရန် အခက်အခဲများရှိနေပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက နှစ် ၃၀ စီမံကိန်းရေးဆွဲကာ ယင်းစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု သိရသည်။ ယခုအခါ အဓိကစီးပွားရေးအချက်အချာ၊ စီးပွားရေးမြို့တော် ရန်ကုန်အား နိုင်ငံတကာမြို့တော်များကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာစေရေးတွင် နည်းပညာမြင့် ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သော ဂျပန်နိုင်ငံ၏ အကူအညီသည် များစွာအထောက်အပံ့ဖြစ်စေလိမ့်မည်ဟု အများပြည်သူက မျှော်လင့်နေကြသည်။ (ဝဝ၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့ အဖွဲ့ဝင်များနှင့်အတူ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းအတွက် ကုလသမဂ္ဂနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အကြား အကူအညီပေးရေးစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားအပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# အရည်အသွေးပြည့်မီပြီး တိကျမှန်ကန်အဆင့်မီသည့် လူဦးရေအချက်အလက်များရရှိနိုင်အောင် ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ကြီးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်

နေပြည်တော် ဧပြီ ၃၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ် Lobby ခန်းမ၌ကျင်းပသည့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် ကုလသမဂ္ဂနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အကြား အကူအညီပေးရေးစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။**



လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၊ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့ဝင်များ၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များနှင့်အတူ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ် (နယူးယောက်) သံအမတ်ကြီး ဦးသန်းဆွေလည်း တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းအတွက် လွန်စွာအရေးပါသည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါကြောင်း။

၁၈၇၂ ခုနှစ်မှစတင်၍ ၁၉၄၁ ခုနှစ်အထိ မြန်မာနိုင်ငံတစ်ဝန်းတွင် သန်းခေါင်စာရင်းများကို (၁၀)နှစ် တစ်ကြိမ် အချိန်မှန်ကောက်ယူခဲ့ကြပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ပြည့်စုံသည့် သန်းခေါင်စာရင်းများကို ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်နှင့် ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ် ကောက်ယူနိုင်ခဲ့ပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကွင်းဆင်းသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ မပြုနိုင်ခဲ့ပါကြောင်း။

တိကျမှန်ကန်သည့် လူဦးရေအချက်အလက်များသည် လက်ရှိအစီအမံများနှင့် အနာဂတ်အစီအမံများအပေါ် အရေးကြီးသည့်အချက်ဖြစ်နေသောကြောင့် အစိုးရအဖွဲ့သစ်သည် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းစဉ်ကို ယခုကဲ့သို့ မဖြစ်မနေဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုပြုလုပ်မည့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းလုပ်ငန်းစဉ်မှာ ပြင်ဆင်ချိန်ကာလ လုပ်ငန်းအဆင့်ဆင့်များအတွက် အစိုးရအဖွဲ့သစ် စတင်တာဝန်ယူချိန်မှစ၍ ဆောင်ရွက်နေခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်း နောက်ဆုံးအဆင့် စာရင်းဇယားများ ထုတ်ပြန်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အရည်အသွေးပြည့်မီပြီး တိကျမှန်ကန်အဆင့်မီသည့် လူဦးရေအချက်အလက်များရရှိနိုင်အောင် ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကြီးနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့၏ ရှေ့မှောက်တွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားတို့က ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် ကုလသမဂ္ဂနှင့်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အကြား အကူအညီပေးရေး စာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက တည်ခင်းဧည့်ခံသည့် နံနက်စာစားပွဲသို့ တက်ရောက်သည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ဂျပန်နိုင်ငံ J Power Group မှ Executive Director ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဧပြီ ၃၀**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ဂျပန်နိုင်ငံ J Power Group မှ Executive Director, Member of the Board Division COO, International Business Division, Mr. Seigou Mizunuma ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၃၀ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် အဆိုပါဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ပြီး ရန်ကုန်မြို့ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများအား အဆင့်မြှင့်ပြုပြင်ဆောင်ရွက်နိုင်ရေး၊ သီလဝါ အထူးစီးပွားရေးဇုန်နှင့် လျှပ်စစ်ဓာတ်အား အဓိကသုံးစွဲသည့် ရန်ကုန်မြို့အား လျှပ်စစ်ဓာတ်အား အပြည့်အဝပေးနိုင်ရေးအတွက် ရန်ကုန်မြို့အနီးတွင် ဂျပန်နိုင်ငံ၏ အဆင့်မြင့် နည်းပညာသုံး ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်မည့် အလားအလာအတွက် လေ့လာမှုများ ပြုလုပ်ဆောင်ရွက်သွားရန်ကိစ္စများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။**(အောက်ပုံ)**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ လျှပ်စစ်စွမ်းအား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# မိုးလေဝသစခန်းများ တိုးချဲ့တည်ဆောက်မည်

**မန္တလေး ဧပြီ ၃၀**

မြန်မာနိုင်ငံအတွင်း ရာသီဥတုပြောင်းလဲမှုများကို စောင့်ကြည့်နိုင်ရန်နှင့် ပြည်သူများအား သဘာဝဘေးအန္တရာယ်များမှ အချိန်နှင့်တစ်ပြေးညီ အသိပေးနိုင်ရန် မိုးလေဝသစခန်းများ တိုးချဲ့တည်ဆောက်ရန် ပြင်ဆင်လျက်ရှိသည်။ တိုးချဲ့တည်ဆောက်မည့်ဒေသများမှာ ကယားပြည်နယ်တွင် နှစ်နေရာ၊ ကရင်ပြည်နယ်တွင် နှစ်နေရာနှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် တစ်နေရာဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး မိုးလေဝသကိရိယာများတပ်ဆင်ရန် ပြင်ဆင်လျက်ရှိသည်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးများရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး ခရိုင်မြို့ကြီးများနှင့် မြို့နယ်များတွင် မိုးလေဝသစခန်း ၁၀၀ ခန့် တည်ဆောက်ထားကာ ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှ မိုးလေဝသသတင်း၊ လျှင်၊ နေ့အပူချိန်၊ မုန်တိုင်းသတင်းများအား အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးကြောင်းသိရသည်။

(သီဟကိုကို)

# အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဧပြီ ၃၀**

ယနေ့ည ၇ နာရီ ၃၇ မိနစ် ၁၆ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၂၅၀ ခန့် ကွာဝေးသော မြန်မာ့ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

# မြန်မာရုပ်သံဇာတ်လမ်းတွဲ စတင်ထုတ်လွှင့်ပြသ

**ရန်ကုန် ဧပြီ ၃၀**

မြန်မာရုပ်မြင်သံကြားဇာတ်လမ်းတွဲ အစီအစဉ်တွင် တရုတ်၊ ကိုရီးယားနိုင်ငံများ၏ ယဉ်ကျေးမှုလွှမ်းမိုးမှုများ လျော့နည်းပပျောက်စေရန်အတွက် မြန်မာရုပ်မြင်သံကြား ဇာတ်လမ်းတွဲအစီအစဉ်များကို MRTV-4 က ပထမဦးဆုံးရိုက်ကူးပြသနိုင်ရန်အတွက် မီဒီယာကမ္ဘာမှ စီစဉ်လျက်ရှိသည်။ အစီအစဉ်တွင် နက်ရှိုင်းသော ချစ်ခြင်းတရားနှင့် လေးနက်သော သစ္စာတရားများကို ဖော်ကျူးပြသထားသည့် မြန်မာလူငယ် ဒါရိုက်တာ MRTV-4 မှ ကောင်းဇံရိုက်ကူးထားသော "အချစ်သင်္ကေတ" ဇာတ်လမ်းတွဲ **(ယာပုံ)**ကို အပိုင်း ၂၆ ပိုင်းဖြင့် ဧပြီ ၃၀ ရက် (တနင်္လာနေ့)နှင့် မေ ၁ ရက် (အင်္ဂါနေ့)များတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ရုပ်မြင်သံကြားလောကတွင် နှစ်(၃၀)ကျော်ကြာ ပြည်ပဇာတ်လမ်းတွဲများ လွှမ်းမိုးမှုများကြောင့် မြန်မာ့ယဉ်ကျေးမှုများသည် အချိန်ကြာမြင့်သည်နှင့်အမျှ တဖြည်းဖြည်းလျော့နည်းကျဆင်းလာသည်ကို လူငယ်ဒါရိုက်တာ ကောင်းဇံနှင့် မီဒီယာကမ္ဘာ မန်နေဂျင်းဒါရိုက်တာ ဒေါ်မေသူဖေတို့က Park Royal Hotel ၌ ဧပြီ ၂၄ ရက်တွင် ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ဆက်လက်၍ ရှင်းလင်းရာတွင် မြန်မာရုပ်မြင်သံကြားအစီအစဉ်များကို ၁၉၈၀ ခုနှစ်တွင် ရောင်စုံရုပ်မြင်သံကြားအစီအစဉ်ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် ကြောင်ကမ္ဘာဗီဒီယို ထုတ်လုပ်ရေးမှ "ချစ်မီးလျှံ" ဗီဒီယိုဇာတ်ကားနှင့် စိန်ဗီဒီယိုထုတ်လုပ်ရေးမှ "ကိုယ်ချင်းစာကြည့်ပါ" ဗီဒီယိုဇာတ်ကားကို စတင်ရိုက်ကူးခဲ့ကြောင်း သိရသည်။ ယနေ့အထိ ဗီဒီယိုဇာတ်လမ်းတွဲမြောက်မြားစွာ ရိုက်ကူးနိုင်ခဲ့သော်လည်း မြန်မာ့ရုပ်သံဇာတ်လမ်းတွဲများတွင် အခန်းဆက်ပြသသော မြန်မာ့ရုပ်သံ ဇာတ်လမ်းတွဲများ ပေါ်ပေါက်ခြင်း မရှိခဲ့ဘဲ မီဒီယာကမ္ဘာမှ အကုန်အကျခံ ရိုက်ကူးပေးကြောင်းသိရသည်။

The Sign of Love (အချစ်သင်္ကေတ)

ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်သစ်များဖြစ်သည့် မြတ်သူကျော်(နေမင်းခန့်)၊ ဘုန်းရှိန်ထက်(ဝဏ္ဏ)၊ ကောင်းမြတ်စံ(ရဲနိုင်)၊ စိုးစန္ဒကျော်(မြတ်နိုးခင်)၊ ဝင့်ယမုံလှိုင်(မာယာချို)၊ ရုပ်ရှင်သရုပ်ဆောင် ရန်ကျော်(ဦးသန့်ဇင်)၊ ရုပ်ရှင်သရုပ်ဆောင် သန်းသန်းစိုး(ဒေါ်မြတ်မြတ်ခင်)တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

MRTV-4 မှ ရိုက်ကူးသော အပိုင်း (၂၆)ပိုင်းပါဝင်သည့် ဇာတ်လမ်းတွဲကို တစ်ပိုင်းလျှင် မိနစ် ၂၀ ပြသပေးသွားမည်ဖြစ်ပြီး ထိုဇာတ်ကား ရိုက်ကူးပုံဖော်ချိန်သည် တစ်လကြာမြင့်ကြောင်း၊ လူငယ်ဒါရိုက်တာ MRTV-4 မှ ကောင်းဇံနှင့် ပြည်ပမှ ပြင်သစ်ဒါရိုက်တာတို့ ပူးပေါင်းရိုက်ကူးတင်ဆက်ထားကြောင်း၊ လူငယ်များ၏ စွမ်းအားဖြင့် အကောင်းဆုံးပုံဖော်၍ ဒရမ်မာအချစ်ဇာတ်လမ်းကို တီထွင်ဖန်တီးထားကြောင်း မီဒီယာကမ္ဘာမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်မေသူဖေက စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ပွင့်ဦး(ရန်ကုန်)



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon ဦးဆောင်သော အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဇမ္ဗူသီရိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ကော်မတီဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော်ကော်မတီအဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် ကုလသမဂ္ဂအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရေး၊ အကူအညီများ ဆက်လက်ပေးအပ်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

## လက်ခံတွေ့ဆုံ

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာ အကြီးအကဲ H.E.Mrs. Catherine Ashton ဦးဆောင်သော အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာ အကြီးအကဲ H.E. Mrs. Catherine Ashton ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာ၌ ဥရောပပါလီမန်နှင့် မြန်မာလွှတ်တော်တို့အကြား လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အဖွဲ့အား ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့က အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် H.E. Mr. BAN Ki-moon နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ နေ့လယ်စာစားပွဲသို့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

နေ့လယ်စာစားပွဲတွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့က အပြန်အလှန် နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်အဖွဲ့အား အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၁-၅-၂၀၁၂ (အင်္ဂါနေ့)**

- ၅း၄၀ "ထေရဝါဒမိတ်ဆက်" တရားတော် (သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ)
- ၁၁း၀၅ ကြည့်ရှုစရာသတ္တဝါအစုံအလင်နဲ့ အပန်းဖြေအနားယူနိုင်တဲ့ ဘန်ကောက်မှ SAFARI World
- ၁၂း၁၅ သင်ကြားရေးလမ်းညွှန် (Imperial Merit Education Centre IMEC)
- ၂း၄၀ အသည်းအစားထိုးခြင်းဖြင့် အသက်ကယ်မည် (Parkway Health)
- ၃း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၈)**
- ၈း၃၀ **မြန်မာရုပ်သံဇာတ်လမ်းတွဲ** The Sign of Love (အချစ်သင်္ကေတ) (အပိုင်း-၂)
- ၉း၂၀ Show Room (Part-17)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၂၃)**
- ၁၀း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၂၉)**
- ၁၁း၅၅ အသံတိတ်အိပ်မက်ဆိုး (မေသန်းနု၊ ချစ်သုဝေ၊ ဂျင်းနီ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁း၁၀ Barclays Premier League (Liverpool Vs Fulham)

# ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း ဘာသာစကားအလိုက် နှုတ်ဖြေစာမေးပွဲ ကျင်းပမည်

**ရန်ကုန် မေ ၁၀**

ဧည့်လမ်းညွှန်လုပ်ငန်းလုပ်ကိုင်နိုင်ရန် ဘာသာစကားအလိုက် နှုတ်ဖြေဆန်းစစ်ခြင်း (License Test) စာမေးပွဲကို အမှတ်(၄၅၈/၄၆၀) မဟာဗန္ဓုလလမ်း ရန်ကုန်မြို့ရှိ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ မေ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဧည့်လမ်းညွှန်အခြေခံသင်တန်း အပတ်စဉ် (၄၀) အောင်မြင်ပြီးသူများနှင့် ယခင် နှုတ်ဖြေစာမေးပွဲများ၌ "ဘီ" အဆင့်ရသူများ ဝင်ရောက်ဖြေဆိုနိုင်ပြီး ဘာသာစကားအလိုက် ဖြေဆိုရမည့်နေ့ရက်များကို ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လက်တွေ့အသုံးချနည်းသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် မေ ၁၀**

GIS နှင့် Google Earth လက်တွေ့အသုံးချနည်းသင်တန်းကို မေ ၁၂၊ ၁၃၊ ၁၉ နှင့် ၂၀ ရက် (စနေ၊ တနင်္ဂနွေ)နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ e- Learning Center ၌ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း-၆၅၂၂၈၅နှင့် ၆၅၂၂၈၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ သင်တန်းသား ၂၀ သာ လက်ခံသင်ကြားမည်ဖြစ်ရာ မေ ၁၁ ရက်နောက်ဆုံးထား မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# မြစ်ကြီးနားအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၀**

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ အကြိမ်(၂၀)မြောက် အသင်းနှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ပထမအကြိမ် သက်ကြီးပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ကျောက်စိမ်းတွင်းခမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြစ်ကြီးနားအသင်း(ရန်ကုန်) နာယက မနုဿ ဦးကျော်ဝင်းက သက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကန်တော့ခံပုဂ္ဂိုလ် ၅၀ ဦးအား တက်ရောက်လာသူများက ပူဇော်ကန်တော့ကြပြီး ကန်တော့ခံပုဂ္ဂိုလ်များကိုယ်စား ဦးထွန်းသိန်းက ဆုံးမဩဝါဒစကား ပြောကြားသည်။ ယင်းနောက် ကန်တော့ခံပုဂ္ဂိုလ်များအား အလှူငွေနှင့် ပစ္စည်းများဖြင့် ကန်တော့ကြသည်။ ထို့နောက်မြစ်ကြီးနားအသင်း (ရန်ကုန်) နာယကများဖြစ်ကြသည့် မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့်ဇနီး ဒေါ်မူမူဝင်း မိသားစုက သာရေး၊ နာရေး ဆပ်ကော်မတီအတွက် အလှူငွေကျပ်သိန်း ၃၅၀ ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆက်လက်၍ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အသင်းသား အသင်းသူများ၏ သားသမီး ၁၁ ဦးအား မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၏ ဇနီးဒေါ်မူမူဝင်း (နာယက၊ မြစ်ကြီးနားအသင်း)၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**



ထို့နောက် အသင်းနှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ အသင်းဥက္ကဋ္ဌဟောင်း ဦးညိုဝင်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးအောင်စိုးက နှစ်ပတ်လည်အစီရင်ခံစာ၊ အမှုဆောင်အဟောင်း နုတ်ထွက်ခြင်း၊ အသစ်ရွေးချယ်ခြင်းတို့အား တင်ပြသည်။ ယင်းနောက် ဥက္ကဋ္ဌအသစ်တရားလွှတ်တော်ရှေ့နေ ဦးစောနွဲ့သန်းစိန်က အမှာစကားပြောကြားသည်။ မြစ်ကြီးနားအသင်း (ရန်ကုန်)ကို ဥက္ကဋ္ဌ ဦးစောနွဲ့သန်းစိန်၊ အတွင်းရေးမှူး ဒေါ်တင်တင်ညွန့်၊ အမှုဆောင် ၃၀ ဦးတို့ဖြင့် ပြန်လည်ဖွဲ့စည်းလိုက်ကြောင်း သိရသည်။ (ကြေးမုံ)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၁၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် မစ္စတာ ဘန်ကီမွန်းနှင့်အတူ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် (နယူးယောက်) ဦးသန်းဆွေနှင့် ကုလသမဂ္ဂနှင့်အဖွဲ့အစည်းများဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Ashok Nigam တို့လည်း တက်ရောက်ကြသည်။

### ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့် လွှတ်တော်၏လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လွှတ်တော်အစည်းအဝေးများ ကျင်းပနေမှုနှင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများအနက် မြန်မာနိုင်ငံသားများ၏ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရန် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးပြောကြားပြီး နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီနှင့် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာများဆိုင်ရာကော်မတီတို့၏ လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကုလသမဂ္ဂနှင့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

## မန္တလေးမဟာမုနိဘုရားကြီး ရွှေမိုက်ထုတ်လုပ်ငန်းပြီးစီး

**မန္တလေး မေ ၁၀**

မန္တလေး မဟာမုနိဘုရားကြီး (၆၂)ကြိမ်မြောက် ရွှေမိုက်ထုတ်လုပ်ငန်း ပြီးစီးအောင်မြင်ပြီဖြစ်ရာ သန့်စင်ပြီးရွှေ အလေးချိန် ၅ ပိဿာ ၂၃ ကျပ်သား ၂ ပဲ ၁ ရွေး ရရှိသည်။ အဆိုပါ သန့်စင်ပြီးရွှေများအား ရွှေချောင်း ၁၂ ချောင်းအဖြစ် သွန်းလောင်းထားရှိသည်။ ရွှေမိုက်ထုတ်လုပ်ခြင်းလုပ်ငန်းအား အမရပူရမြို့ ဦးသန်းလွင်(ဦးမောင်ကြီးရွှေမိုက်လုပ်ငန်း)နှင့်အဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့ပြီး အဆိုပါ ရွှေမိုက်လုပ်ငန်းအား မတ် ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ မေ ၂၆ ရက်တွင် လုပ်ငန်းပြီးစီးခဲ့သည်။ အဆိုပါ လုပ်ငန်းစဉ်သည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား နေ့စဉ် ရဟန်းရှင်လူပြည်သူတို့က ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ပြီး စွန့်ပစ်သည့် ရွှေလှောင်စက္ကူကိုလည်းကောင်း၊ ရွှေချစဉ် လက်တွင်ပေကျံနေသည်ကို သန့်စင်သည့် လက်သုတ်ပဝါကိုလည်းကောင်း၊ ရွှေချရန်အတွက် သစ်စေးသုတ်ရာတွင် ဂွမ်းနှင့် သစ်စေးရောစပ်သည့် သစ်စေးလုံးများကိုလည်းကောင်း၊ ရွှေချပြီး အနားမသိမ်းဘဲ ကျန်ရှိသည့် ရွှေမှုန်ရွှေစများကိုလည်းကောင်း၊ ပလ္လင်တော်နှင့် အောက်တွင် တံမြက်စည်း၊ ကြက်မွေးတို့ဖြင့် သိမ်းဆည်းရသည့် အထက်ပလ္လင်နှင့် အောက်ပလ္လင်မြေမှုန်များကို စနစ်တကျ သိမ်းဆည်းရရှိသည့် ရွှေမိုက်ထုတ်ကုန်ကြမ်းပစ္စည်းများကို မြန်မာ့ရွှေမိုက်ထုတ်ပညာရှင်နှင့် ရွှေကောင်းရွှေသန့်ရရှိအောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ထို့ပြင် အတွင်းတော်ဘုရားကြီးဘေး ကြမ်းခင်းတွင် ကော်ဇောခင်းထားရာ ယခုနှစ်တွင် ကော်ဇောခွာပြီး ရွှေမိုက်ပစ္စည်းများနှင့်ပေါင်းကာ မိုက်ထုတ်ခဲ့သည်။ (၆၂) ကြိမ်မြောက် ရွှေမိုက်လုပ်ငန်းတွင် ကုန်ကြမ်းပစ္စည်းများကို ချိန်တွယ်ရာ ရွှေမှုန် ၇၀ ကျပ်သား၊ မြေမှုန် ၂၁ ပိဿာ၊ သစ်စေးလုံး ၆၂ ပိဿာ ၇၅ ကျပ်သား၊ ဖိဂွမ်း ၁၀ ပိဿာ၊ လက်သုတ်ပုဝါ ၁ ပိဿာ ၂၅ ကျပ်သား၊ ရွှေလှောင်စက္ကူ ၁၁၀၄ ပိဿာ ရှိပြီး ပထမဆုံးရွှေလှောင်စက္ကူ ၁၁၀၄ ပိဿာအား နေ့စဉ်အချိုးကျထုတ်ယူကာ မီးရှို့ပြာနုအဖြစ် မိုးပြဲဒယ်အိုးကြီးများဖြင့် ထင်းမီးထိုး၍ မီးတိုက်ပြာနှပ်ရာ ပြာအလေးချိန် ၂၂၂ ပိဿာရရှိသည်။ ဒုတိယပိုင်းအနေဖြင့် ရွှေမှုန်၊ မြေမှုန်၊ သစ်စေးလုံး၊ ဖိဂွမ်း၊ လက်သုတ်ပဝါ စုစုပေါင်း ကုန်ကြမ်းပစ္စည်းအလေးချိန် ၉၅ ပိဿာ ၇၀ ကျပ်သားအား မီးရှို့ပြာချရာ ပြာအလေးချိန် ၁၅ ပိဿာ ရရှိသည်။ ကြမ်းခင်းကော်ဇောနှင့် ဖျင်ကြမ်းများ၊ ရွှေစက္ကူအစများ၊ ရွှေစက္ကူလိပ်များ မီးရှို့ပြာချရာ ၁၆ ပိဿာရရှိသည်။ ရရှိလာသော ပြာနုစုစုပေါင်းအလေးချိန် ၂၅၃ ပိဿာအား ခဲ၊ ဗွက်၊ လက်ချား၊ ဆိုဒါများဖြင့် အချိုးကျရောစပ်ကာ မီးထိုးဘိုင်နင်းခြင်းကို ဆောင်ရွက်ရာ မကျွတ်ရွှေချိန် ၅ ပိဿာ ၇၅ ကျပ်သား ၉ ပဲ ၆ ဒသမ ၅ ရွေး ရရှိသည်။ အဆိုပါ မကျွတ်ရွှေအား ရွှေချောင်းအဖြစ် သန့်စင်ရာမှ သန့်စင်ပြီး ရွှေအလေးချိန် ၅ ပိဿာ ၂၃ ကျပ်သား ၂ ပဲ ၁ ရွေးရရှိခြင်းဖြစ်သည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ရွှေဆိုင်းစုစုပေါင်း ၆၄၀၇၁ ဆိုင်းရောင်းရကြောင်း သိရသည်။ (၀၀၂)

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon နှင့် ဇနီးနှင့်အဖွဲ့ဝင်များ ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် ကျောက်ကချားကျေးရွာရှိ UNODC နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးစီမံကိန်းအား ကြည့်ရှုလေ့လာ

နေပြည်တော် မေ ၁၀

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ မွန်းလွဲ ၂ နာရီတွင် ကုလသမဂ္ဂအထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာရာ ရှမ်းပြည်နယ် ဟဲဟိုးမြို့သို့ မွန်းလွဲ ၂ နာရီခွဲတွင် ရောက်ရှိကြသည်။**



**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon နှင့် ဇနီးတို့ UNODC မှ ဒေသခံတိုင်းရင်းသားပြည်သူများအား ဖြန့်ဝေပေးမည့် ဆန်အိတ်များကို ကြည့်ရှုစဉ်။** (သတင်းစဉ်)

ဧည့်သည်တော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီး ဦးဆောင်သည့်အဖွဲ့အား ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ဟဲဟိုးလေဆိပ်မှ ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးတို့နှင့်အတူ ရဟတ်ယာဉ်ဖြင့် ဟိုပုံးမြို့နယ် ကျောက်ကချားကျေးရွာရှိ UNODC နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး စီမံကိန်းသို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက နိုင်ငံတော်အလံငယ်များ ဝှေ့ယမ်း၍ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက မူးယစ်ဆေးဝါး လျှော့နည်းပပျောက်ရေးအတွက် နိုင်ငံတော်က အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ပြီး ခေတ်အဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ နိုင်ငံတော်အား မူးယစ်ဆေးဝါး လုံးဝကင်းစင်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရေး၊ ဘိန်းစိုက်ပျိုးမှုများ လျှော့နည်းကျဆင်းရေးအတွက် မူးယစ်ဆေးဝါးပပျောက်ရေး(၁၅)နှစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုများ လျှော့ချနိုင်ရန် ဘိန်းခင်းဖျက်ဆီးမှုများကို တိုးမြှင့်ဆောင်ရွက်ခဲ့မှုများ၊ ၂၀၁၁-၂၀၁၂ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ၂၃၅၈၄ ဒသမ ၈၅ ဟက်တာအထိ ဖျက်ဆီးနိုင်ခဲ့သဖြင့် ယခင်နှစ်ထက် သုံးဆကျော် ပိုမိုဖျက်ဆီးနိုင်ကာ ဘိန်းထုတ်လုပ်မှုကို လျှော့ချနိုင်ခဲ့မှုများနှင့် မူးယစ်ဆေးဝါးပပျောက်ရေးသည် မြန်မာနိုင်ငံတစ်နိုင်ငံတည်း ဆောင်ရွက်၍မရနိုင်သဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်း နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်ပါ အရှိန်အဟုန်မြှင့်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးထားရှိမှုကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် UNODC မှ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး UNODC မှ ဒေသခံတိုင်းရင်းသားပြည်သူများအား ဆန်များပေးဝေနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တိုင်းရင်းသားများက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် ဇနီးတို့အား ရိုးရာယဉ်ကျေးမှု လက်ဆောင်များကို ပေးအပ်ကြသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဟိုပုံးမြို့မှတစ်ဆင့် ဟဲဟိုးမြို့သို့ ပြန်လည်ထွက်ခွာလာကြပြီး ဟဲဟိုးလေဆိပ် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှမ်းတိုင်းရင်းသူလေးများက ကျောက်စီပန်းချီကားကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဟဲဟိုးလေဆိပ်မှ ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မွန်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်စန်းစန်း၊ ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်နှင့် အဖွဲ့ဝင်များ မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ဝေဝေဦးထံ ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်စဉ်။**

(သတင်းစဉ်)

## မွန်ပြည်နယ်၌ အခမဲ့ကွင်းဆင်းဆေးကုသမှုဆောင်ရွက်

**နေပြည်တော် မေ ၁၀**

မွန်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဝေဝေဦး ခေါင်းဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် မေ ၂၇ ရက် နံနက်ပိုင်းတွင် မုဒုံမြို့နယ် ကော့ခပုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကော့ခပုံကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ကွင်းဆင်းဆေးကုသပေးကြသည်။

### အခမဲ့စမ်းသပ်ကုသပေး

ထိုကဲ့သို့ အခမဲ့ဆေးကုသမှုဆောင်ရွက်ရာတွင် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်စန်းစန်း၊ ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်နှင့် အဖွဲ့ဝင်များက ဆေးနှင့် ဆေးပစ္စည်းတန်ဖိုး ငွေကျပ် နှစ်သိန်း၊ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက ငွေကျပ် နှစ်သိန်း စုစုပေါင်း ငွေကျပ် လေးသိန်းကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းကြပြီး ဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေးကြရာ အထူးကုဆရာဝန်ကြီးများက အထွေထွေရောဂါ လူနာစုစုပေါင်း ၄၀၂ ဦးကို အခမဲ့စမ်းသပ်ကုသပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သတ္တုတွင်းဝန်ကြီးဌာန (၂၀၁၁-၂၀၁၂)ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်းခြင်းနှင့် (၂၀၁၂-၂၀၁၃)စီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

**နေပြည်တော် မေ ၃၀**

သတ္တုတွင်းဝန်ကြီးဌာန (၂၀၁၁-၂၀၁၂)ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်းခြင်းနှင့် (၂၀၁၂-၂၀၁၃) စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်၍ အမှာစကားပြောကြားရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်နှင့်ပတ်သက်ပြီး အားသာချက်များ၊ အားနည်းချက်များကို ဆန်းစစ်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာရေးမူဝါဒအသစ်ဖြင့် စတင်လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရသင့်ရထိုက်သည့် သတ္တုခွန်၊ ရတနာခွန်များ အပြည့်အဝရရှိအောင် ကြိုးစားလုပ်ဆောင်သွားရန်ဖြစ်ကြောင်း၊ ပေးအပ်ထားသည့်ရငွေ ရည်မှန်းချက်တာဝန်များကို သက်ဆိုင်ရာ တာဝန်ရှိသူအကြီးအကဲများက တာဝန်ယူပြီး လုပ်ငန်းအလိုက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် လျာထားသည့်ရငွေကို ပြည့်မီအောင်သာမက တိုး၍ရှာရန်နှင့် အသုံးစရိတ်များကိုလည်း တတ်နိုင်သလောက် ချွေတာသုံးစွဲရန်ဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူ အဆင့်ဆင့်က အောက်ခြေဝန်ထမ်းများအထိ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရန် အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ပြီးစီးခဲ့မှုများနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များဖြည့်စွက်မှာကြားကာ လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများအား (၂၀၁၂-၂၀၁၃) ဘဏ္ဍာရေးနှစ် လုပ်ငန်းစီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် အင်္ဂပူမြို့နယ် ဘွက်ကျေးရွာအုပ်စု၌ ပုလဲသွယ်စပ်မျိုးစပါး စံပြကွက် ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

# အင်္ဂပူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဆောင်ရွက်

နေပြည်တော် မေ ၃၀

**ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၂၆ ရက် ညနေပိုင်းတွင် အင်္ဂပူမြို့နယ် ဘွက်ကျေးရွာအုပ်စုတောင်သူ ဦးကျော်ဌေး၏ ကွင်းအမှတ်(၈၃၁)(က)၌ ကျင်းပသော ပုလဲသွယ်စပ်မျိုးစပါးစံပြကွက် ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့သည်။**

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၂၇ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ကိုင်းတောကွင်းကျေးရွာ ကညင်ရေလှောင်တမံ လက်ယာမြောင်းမကြီးပေါ်ရှိ အသေးစား ရေအားလျှပ်စစ်စက်ရုံ၏ ရေအားလျှပ်စစ်ထုတ်ယူမှုနှင့် ကျေးရွာအတွင်း လျှပ်စစ်မီးဖြန့်ဖြူးထားရှိမှု အခြေအနေ၊ အင်္ဂပူမြို့နယ် လိပ်ဘောင်ဆွဲကျေးရွာ မြောင်းဖြတ်တံတားတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အင်္ဂပူမြို့နယ် ကွဲ့ဇင်းကျေးရွာတောင်သူ ဦးတင်စိုး၏ ကွင်းအမှတ်(၅၉၀)၌ ကျင်းပသော ပုလဲသွယ်စပ်မျိုးစပါး စံပြကွက်ရိတ်သိမ်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားကာ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။ ထိုမှတစ်ဆင့် ကွဲ့ဇင်းကျေးရွာ အသေးစား ရေအားလျှပ်စစ်စက်ရုံ၊ ကညင်ဆည် ရေလှောင်တမံနှင့် ရေထိန်းမျှော်စင်တို့ကို ကြည့်ရှုစစ်ဆေးကာ အင်္ဂပူမြို့ ဇေယျသုခကျောင်းတိုက် ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၂၈ ရက် နံနက် ၉ နာရီတွင် Good Brothers Co., Ltd. လယ်ယာသုံးစက်ကိရိယာဆိုင်ခွဲ(အင်္ဂပူ)ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ Good Brothers Co., Ltd. မှ ဒါရိုက်တာ ဦးလှဦးနှင့် အင်္ဂပူမြို့နယ်အသင်းဥက္ကဋ္ဌ ဦးမြင့်အောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားကာ တက်ရောက်လာသော ဒေသခံတောင်သူများအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ အင်္ဂပူမြို့နယ် စာကြည့်တိုက်၌ ကျင်းပသော အင်္ဂပူမြို့နယ် အောက်ဆီဂျင်နှင့် သွေးလှူရှင်များအသင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးလှခိုင်နှင့် အင်္ဂပူမြို့နယ်အသင်းဥက္ကဋ္ဌတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြား၍ ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းကာ ကန်ဆည်ကျေးရွာ ကန်ဆည်ဘုရားကြီးကျောင်းတိုက်၌ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲ ၁ နာရီတွင် ကန်ဆည်ကျေးရွာ၌ကျင်းပသည့် ကန်ဆည်ဆရာတော် ဘဒ္ဒန္တဂုဏဝံသ၏ ရုပ်ကလာပ်တော်အား ယာယီစံကျောင်းမှ ထာဝရစံကျောင်းပေါ်သို့ ပင့်ဆောင်ပူဇော်ပွဲနှင့် စံကျောင်းရေစက်ချ အခမ်းအနားသို့ တက်ရောက်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာ-ဆားဘီးယား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား တတိယအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ ဘဲလ်ဂရိတ်မြို့၌ ကျင်းပ

**နေပြည်တော် မေ ၃၀**

ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အီဗန်မာကစ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆားဘီးယားသမ္မတနိုင်ငံ ဘဲလ်ဂရိတ်မြို့သို့ မေ ၂၄ ရက်မှ ၂၆ ရက်ထိ သွားရောက်ကာ မေ ၂၅ ရက်တွင် တတိယအကြိမ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပုံမှန်ကျင်းပသော တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဦးမောင်မြင့်သည် ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဗစ် ဂျေရာမစ်ကိုလည်း မေ ၂၅ ရက်တွင် သွားရောက်တွေ့ဆုံပြီး ဒုတိယဝန်ကြီးများ ဦးဆောင်သော နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ၌ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နေသောကိစ္စများ၊ တိုးချဲ့ပူးပေါင်းဆောင်ရွက်လိုသည့်ကိစ္စများကို ပွင့်လင်းစွာဆွေးနွေးကာ နှစ်ဖက်စိတ်ဝင်စားသည့် နိုင်ငံတကာ အခြေအနေများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

မြန်မာ ဒုတိယနိုင်ငံခြားရေးဝန်ကြီးအနေဖြင့် မြန်မာနိုင်ငံ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအနေဖြင့် ဘက်မလိုက် အဖွဲ့အစည်းအတွင်း၌လည်းကောင်း၊ ကုလသမဂ္ဂအတွင်း၌လည်းကောင်း ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့သည်။

ဦးမောင်မြင့်သည် ဘဲလ်ဂရိတ်တွင်ရောက်ရှိနေစဉ်အတွင်း ဆားဘီးယားဝန်ကြီးချုပ်၏ စွမ်းအင်ဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် ပရော်ဖက်ဆာ ဒေါက်တာ ပီတာ စကွန်ဒရစ်နှင့် စီးပွားဆက်ဆံရေးနှင့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လက်ထောက်ဝန်ကြီး မစ္စ ယာလေနာ မာဂျန်နိုဗစ်ချ်တို့ကိုလည်း တွေ့ဆုံခဲ့သည်။

ဆားဘီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ၁၉၅၀ ခုနှစ်ကပင် သံတမန်အဆက်အသွယ် ထူထောင်ထားရှိခဲ့ပြီး သက်ဆိုင်ရာ နိုင်ငံတွင် ရုံးစိုက်သော သံရုံးများကိုလည်း ထိုစဉ်ကပင် ဖွင့်လှစ်ထားရှိပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပုံမှန်တွေ့ဆုံဆွေးနွေးမှု ထူထောင်ထားသည်။ (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးဌေးအောင် ရန်ကုန်မြို့ရှိ ဟိုတယ်များ၊ တည်ဆောက်ဆဲ ဟိုတယ်စီမံကိန်းများအားစစ်ဆေး၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံမှာကြား

**နေပြည်တော် မေ ၃၀**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်သည် မေ ၂၈ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့တွင်းရှိ ပုဂ္ဂလိကပိုင်ဟိုတယ်နှင့် တည်းခိုရိပ်သာများဖြစ်သော စိန်တောင်ကြီးဟိုတယ်၊ မေရှန်းဟိုတယ်၊ ပြင်ဦးလွင်တည်းခိုရိပ်သာ၊ ဂါးဒင်းတည်းခိုရိပ်သာ၊ အိုကီနာဝါ တည်းခိုရိပ်သာများကိုလည်းကောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု တည်ဆောက်ဆဲ ဟိုတယ်စီမံကိန်းများဖြစ်ကြသည့် စင်တာပွိုင့်ဟိုတယ်စီမံကိန်း၊ ရှိုစ်ဂါးဒင်းဟိုတယ်စီမံကိန်း၊ ရှန်ဂရီလာဟိုတယ်စီမံကိန်းများ၏ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ တာမွေမြို့နယ် အမှတ်(၈)နတ်မောက်ရပ်ကွက်၌ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ တည်ဆောက်လျက်ရှိသော အိပ်ခန်း ၃၇၂ ခန်းပါ ရန်ကုန်ဂရင်းဟိုတယ်လုပ်ငန်းခွင်ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မွန်းတည့် ၁၂ နာရီတွင် ရွှေဂုံတိုင်ရှိ ယုဇနဟိုတယ်ခန်းမ၌ ရန်ကုန်မြို့ရှိ ပြည်တွင်းပုဂ္ဂလိက ဟိုတယ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ဟိုတယ်များအနေဖြင့် နိုင်ငံတကာအဆင့်မီ ဟိုတယ်အိပ်ခန်းများဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ကြရန်အတွက် မိမိ၏ လက်ရှိအိပ်ခန်းများအားလုံးကို အရည်အသွေးမြှင့်တင်ဆောင်ရွက်သွားရန်၊ ဟိုတယ်ဝန်ထမ်းများအနေဖြင့် တန်းပြည့်ဝန်ဆောင်မှု ပေးနိုင်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပုဂ္ဂလိကသင်တန်းကျောင်းများက ပို့ချသည့်ဟိုတယ်ဆိုင်ရာ သင်တန်းများကို မဖြစ်မနေတက်ရောက်ကြရန်လည်း လိုအပ်ကြောင်းဖြင့်မှာကြားသည်။

ယင်းနောက် နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်သည် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြည်တွင်း/ပြည်ပကူးသည့် စကြံဆောင်ရွက်ရေး၊ ပြည်တွင်းနှင့်ပြည်ပလေကြောင်းများ ချိတ်ဆက်ပျံသန်းရေး၊ ပြည်တွင်းလေဆိပ်များ၌ စစ်ဆေးမှုပြေလျော့ရေး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ လေဆိပ်၌ အင်တာနက်သုံးစွဲနိုင်ရေး၊ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ စနစ်တကျရပ်နားရေး၊ နိုင်ငံခြားသားခရီးသွားများအား သယ်ပို့သည့် မော်တော်ယာဉ်များသင့်လျော်သည့် အဆင့်အတန်းရှိရေး၊ ခရီးသွား၏ နိုင်ငံခြားငွေလဲလှယ်မှု အဆင်ပြေချောမွေ့ရေး ကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ဒုတိယဝန်ကြီးသည် ညနေ ၅ နာရီတွင် အင်းယားကန်ဟိုတယ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များမှ အထွေထွေမန်နေဂျာများ၊ ခရီးသွားလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မြန်မာ-ဆားဘီးယား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား တတိယအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။

(သတင်းစဉ်)



**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် ရွှေဂုံတိုင်ရှိ ယုဇနဟိုတယ်ခန်းမ၌ ရန်ကုန်မြို့ရှိ ပြည်တွင်းပုဂ္ဂလိကဟိုတယ်လုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ချယ်ရီဝက်ဝွန်းကားအရောင်းပြခန်း မန္တလေးမြို့တွင် ဖွင့်လှစ်မည်

**မန္တလေး မေ ၃၀**

ချယ်ရီဝက်ဝွန်းကားအရောင်းပြခန်းကို မန္တလေးမြို့တွင် မေလဒုတိယပတ်မှစ၍ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။ ချယ်ရီဝက်ဝွန်းကားများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်းခြင်းဖြစ်ပြီး ချယ်ရီဝက်ဝွန်းကားတစ်စီးလျှင် အမေရိကန်ဒေါ်လာ ၅၈၀၀ ခန့်ပေါက်ဈေးရှိပြီး ကညနအခွန်၊ အကောက်အခွန်၊ ကုန်သွယ်ခွန်များပါ ပေါင်းထည့်လျှင် ကုန်ကျငွေ ကျပ်သိန်း ၁၀၀ ခန့် ရှိမည်ဖြစ်ကြောင်းသိရသည်။ (၆၅၃)

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောကြား

နေပြည်တော် ဧပြီ ၃၀

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၆၀၀)တို့ တက်ရောက်ကြသည်။**

အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း၊ ဥပဒေကြမ်း(၁)ခု မှတ်တမ်းတင်ခြင်း၊ လွှတ်တော်ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းနှင့် လွှတ်တော်အခွင့်အရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်းကဏ္ဍ**၌ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောကြားရာတွင် ယခုကျင်းပသော ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးကြီးတွင် ပါဝင်တက်ရောက်ခွင့်ရသည်မှာ မိမိအတွက် အထူးအခွင့်အရေးပင်ဖြစ်ပါကြောင်း၊ ဤပြည်ထောင်စုလွှတ်တော်အစည်းအဝေးကြီး၌ မိန့်ခွန်းပြောခွင့်ရသော ပထမဆုံးဧည့်သည်ဖြစ်ရသည့်အတွက် မိမိအထူးပင်ဂုဏ်ယူပါကြောင်း၊ ဤတိုင်းပြည်ကြီး၏ စွမ်းပကားကို မိမိအထူးပင် ယုံကြည်ပါကြောင်း၊ ထိုမျှမက မြန်မာနိုင်ငံရှိ ပြည်သူပြည်သားတို့၏ အနာဂတ်အလားအလာကောင်းမွန်မှုကို မိမိယုံကြည်ပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ပိုမိုကျယ်ပြန့်သော ကမ္ဘာ့နိုင်ငံများအကြား ဆက်ဆံရေးဖွင့်လှစ်နိုင်စေရန်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ မိမိတို့သည် အပြုသဘောဆောင်သော ဆက်ဆံရေး(Constructive engagement)ကို ကျင့်သုံးခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးမှုရှေးရှုနိုင်ရန်၊ နိုင်ငံတကာထောက်ပံ့အားပေးမှုရရှိရန် လူသိရှင်ကြားဆောင်ရွက်ခဲ့ပါကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် မိမိလာရောက်ခဲ့ခြင်းမှာ သုံးကြိမ်ရှိပြီဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီး ခက်ခဲမှုနှင့်ရင်ဆိုင်နေရသော အချိန်ကာလတွင် အပြည်ပြည်ဆိုင်ရာ အကူအညီများ ရရှိနိုင်ရန် ကုလသမဂ္ဂက ကူညီနိုင်ခဲ့ပါကြောင်း၊ ထိုအချိန်ကတည်းက ဒုက္ခများစွာကြားထဲကပင် မြန်မာနိုင်ငံသည် သိသာထင်ရှားသောပြောင်းလဲမှုအတွက် အလားအလာရှိကြောင်း မိမိတို့တွေ့မြင်နိုင်ခဲ့ပါကြောင်း။

၂၀၀၉ ခုနှစ်တွင် မိမိနောက်တစ်ကြိမ်ပြန်လာခဲ့ပါကြောင်း၊ ငြိမ်းချမ်းမှုဖော်ဆောင်လာခြင်း၊ ဖွံ့ဖြိုးမှုနှင့် လူ့အခွင့်အရေးတို့သည် မြန်မာနိုင်ငံသားအားလုံး လိုလားနေသော အနာဂတ်၏ တူညီသောအစိတ်အပိုင်းဖြစ်သည်ဟု မိမိသည် မိတ်ဆွေကောင်းတစ်ယောက်အနေဖြင့် ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့ပါကြောင်း၊ ယနေ့ မိမိသည် သမိုင်းသစ်ကိုရေးဆွဲနေသော မြန်မာနိုင်ငံသို့ ထပ်မံရောက်ရှိလာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပေါ်နေသော ထင်ရှားသည့် ပြောင်းလဲမှုကြီးများသည် ကမ္ဘာကို စိတ်ဓာတ်တက်ကြွစေခဲ့ပါကြောင်း၊ မြန်မာပြည်သူတို့၏ မျှော်မှန်းချက်များသည် ထို့ထက်ပိုမိုမြင့်မားသည်ကို မိမိတို့ သိရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းတွင် မြန်မာနိုင်ငံသည် လေးစားခြင်းခံရသော တာဝန်သိအဖွဲ့ဝင်နိုင်ငံအဖြစ် မကြာမီပြန်လည်ရောက်ရှိလာမည်ဟု မိမိလုံးဝယုံကြည်ပါကြောင်း။

အပြောင်းအလဲမြန်ဆန်သော ကမ္ဘာကြီးတွင် မြန်မာနိုင်ငံသည် မိမိ၏ အိမ်နီးချင်းအာရှနိုင်ငံများကို မြန်ဆန်စွာ လိုက်မီလာမည်ဟုလည်း မိမိသံသယကင်းစွာ ယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းမှု၊ ဒီမိုကရေစီနှင့် ကြွယ်ဝချမ်းသာမှု ဖော်ဆောင်လာနိုင်ရေးအတွက် မြန်မာနိုင်ငံသည် ၂၁ ရာစုနှစ်၏ စံပြဖြစ်လာနိုင်သည်ဟုလည်း မိမိအကြွင်းမဲ့ယုံကြည်ပါကြောင်း၊ ဤလမ်းကြောင်းပေါ် ဆက်လျှောက်ရန် မိမိ တိုက်တွန်းပါကြောင်း၊ အတူတကွ ဤလမ်းကြောင်းပေါ်လျှောက်လှမ်းရန်လည်း အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းကို တောင်းဆိုပါကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် ကုလသမဂ္ဂနှင့် မိမိအား ယုံကြည်အားကိုးနိုင်ကြောင်းဖြင့် ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးအတွက် ပိုမိုကောင်းမွန်သော အနာဂတ်တည်ဆောက်နိုင်ရန် မိမိတို့ အတူတကွ လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်ကြီးများ လျှောက်ရမည့်လမ်းသည် စိတ်ဝင်စားဖွယ်ကောင်းသကဲ့သို့ လွယ်ကူမည်လည်းမဟုတ်ပါကြောင်း၊ လွှတ်တော်ကြီးအနေဖြင့် ပြည်သူများတောင့်တလိုလားနေသော ဒီမိုကရေစီနှင့် ပိုမိုကောင်းမွန်သောဘဝကို ပြောင်းလဲမှုများမှတစ်ဆင့် ဖော်ဆောင်နိုင်မည် မျှော်လင့်ပါကြောင်း၊ အန္တရာယ်ရန်စွယ်များ မြောက်မြားစွာရှိပါကြောင်းနှင့် အောင်မြင်မှုအတွက် ပုံသေလုပ်ဆောင်၍ မရနိုင်ပါကြောင်း၊ ဤရွှေနိုင်ငံသည် လူသားနှင့် သဘာဝအရင်းအမြစ်ကြွယ်ဝသော နိုင်ငံဖြစ်ပါကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမ တရားတော်များသည် သမိုင်းခေတ်ကာလများတစ်လျှောက် တည့်မတ်အောင် လမ်းမှန်ညွှန်ပြခဲ့ပါကြောင်း။

မြန်မာပညာရှိကြီးများသည် ဆန္ဒာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီရိယာဓိပတိ၊ ဝီမံသာဓိပတိဟူသော အဓိပတိတရားလေးပါးကို ပညာယှဉ်တွဲကျင့်သုံးခဲ့ပါကြောင်း၊ ဤတရားများသည် မြန်မာနိုင်ငံသားများ၏ ကိုယ်ကျင့်တရားတွင် ရှိနေပါကြောင်း၊ ယဉ်ကျေးမှုပေါင်းစုံလင်သော ပိုမိုကျယ်ပြန့်သည့် ကမ္ဘာကြီးတွင် ဤသွန်သင်ဆုံးမမှုများသည် အောင်မြင်မှုအတွက် အင်အားပင်ဖြစ်ပါကြောင်း၊ ဤတရားလေးပါး၏ မိမိတို့အပေါ် လွှမ်းမိုးသက်ရောက်မှုကို မိမိရှင်းလင်းဆွေးနွေးလိုပါကြောင်း၊ ဦးစွာပထမ ဆန္ဒာဓိပတိတရားတွင် ဆန္ဒသည် ဤနေရာတွင် နိုင်ငံရေးဆန္ဒ (Political will)နှင့် ခေါင်းဆောင်မှုပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကို ပြုပြင်ပြောင်းလဲမှုလမ်းကြောင်းပေါ်သို့ တင်ဆောင်ပေးခဲ့သော သမ္မတကြီး ဦးသိန်းစိန်၏ အမြော်အမြင်ရှိမှု၊ ခေါင်းဆောင်မှုနှင့် ရဲရင့်ပြတ်သားမှုတို့အတွက် မိမိဂုဏ်ယူပါကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် ပါဝင်ခဲ့ခြင်းဖြင့် နိုင်ငံရေးဖြစ်စဉ်များတွင် ပါဝင်ခဲ့သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် အခြားပုဂ္ဂိုလ်အဖွဲ့အစည်းများကို မိမိဂုဏ်ပြုလိုပါကြောင်း၊ မြန်မာနိုင်ငံသည် ပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးမှုတို့၏ စိန်ခေါ်မှုများကို ကောင်းစွာရင်ဆိုင်နိုင်မည်ဟု မိမိတို့ယုံကြည်ပါကြောင်း၊ သို့ရာတွင် ယင်းသို့ဖြစ်မြောက်နိုင်ရန်အတွက် မိတ်ဆွေတို့၏ စိတ်ဓာတ်ခိုင်မာခြင်းနှင့် တူညီစွာ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းတို့ လိုအပ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုလမ်းကြောင်းသည် သိမ်မွေ့ပြီး ရေရာခြင်းမရှိသကဲ့သို့ နောက်ပြန်လှည့်၍လည်း မရနိုင်ပါကြောင်း။

ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးနယ်ပယ်များသည် ပိုမိုကြီးထွားလာသည်နှင့်အမျှ ပြည်သူများ၊ အထူးသဖြင့် လူငယ်များ၏ မျှော်လင့်ချက်များသည် ကြီးမားလာပါကြောင်း၊ ဤစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် ခိုင်မြဲသော အပြောင်းအလဲဖြစ်လာနိုင်ရန် မိမိတို့ပူးပေါင်းပြီး နိုင်ငံရေးဆန္ဒ (Political will)အပြည့်အဝထားရှိကြရမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကျင်းပခြင်းနှင့် ပွင့်လင်းသောအစိုးရရှိခြင်းတို့သည် ဒီမိုကရေစီ၏ သော့ချက်များဖြစ်ပါကြောင်း၊ သို့ရာတွင် ၎င်းတို့နှင့်အတူ ကောင်းမွန်သော နိုင်ငံရေးရာသီဥတုရှိနေရန်လည်း လိုအပ်ပါကြောင်း၊ ဒုတိယအနေဖြင့် မတူကွဲပြားမှုကြုံကြိုက်သည့်အခါများတွင် ထားရှိရန်လိုအပ်သော အပြုသဘောဆောင်သည့် ဆန္ဒဖြစ်ပါကြောင်း၊ သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် နိုင်ငံတော်၏အကျိုးအတွက် နိုင်ငံရေးကို ကျော်လွှားနိုင်သော ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနှင့် နိုင်ငံ့ခေါင်းဆောင်အရည်အချင်းပြည့်ဝမှုကို ဖော်ဆောင်ပြသနိုင်ခဲ့ပါကြောင်း၊ အဖွဲ့အစည်းများအကြားတွင် မတူကွဲပြားမှုများရှိကြမည်ဆိုသည်မှာ ထူးဆန်းသည့်ကိစ္စမဟုတ်ပါကြောင်း၊ ထိုမတူကွဲပြားမှုများသည် ကြီးမားနိုင်သကဲ့သို့ အသေးအမွှားလည်း ဖြစ်နိုင်ပါကြောင်း၊ ယခု ကျမ်းသစ္စာကျိန်ဆိုမှုနှင့်ပတ်သက်ပြီး ဖြစ်ပေါ်နေသလိုပင်ဖြစ်ပါကြောင်း၊ ယင်းကိစ္စများကိုလည်း နိုင်ငံတော်၏ ရေရှည်အကျိုးနှင့် ၎င်းတို့၏ လတ်တလောလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် လူကြီးမင်းတို့၏ ခေါင်းဆောင်မှုနှင့် ရလဒ်ကို မျှော်ကိုးအားကိုးနေကြသော ပြည်သူများ၏အကျိုးကို အလေးထားပြီး လူကြီးမင်းတို့အနေဖြင့် ဖြေရှင်းသွားနိုင်မည်ဟု မိမိယုံကြည်ပါကြောင်း။



**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

ရှုပ်ထွေးကျယ်ပြန့်သော မြန်မာနိုင်ငံအရေးများကို ဖြေရှင်းနိုင်ရန် ဦးတည်ချက်ချင်းတူညီရန်လိုပါကြောင်း၊ ထိပ်တိုက်ရင်ဆိုင်ခြင်းနှင့် ဖိနှိပ်ခြင်းကို ကျင့်သုံးခဲ့ကြသော်လည်း အောင်မြင်မှုမရရှိခဲ့ပါကြောင်း၊ ရင့်ကျက်သောဒီမိုကရေစီဖော်ဆောင်နိုင်ရန် နိုင်ငံရေးမျိုးဆက်သစ်များ၏ ကြီးမားသောအင်အားများကို စုစည်းပြီး အသုံးချနိုင်ရန် လိုအပ်ကြောင်းဖြင့် သမ္မတဦးသိန်းစိန်က ပြောကြားခဲ့ပါကြောင်း၊ တပ်မတော်အပါအဝင် မြန်မာနိုင်ငံ၏ လူမှုအဖွဲ့အစည်းအတွင်း ဖြစ်ပေါ်နေသော မျိုးဆက်သစ်ပြောင်းလဲမှုသည် အားလုံး၏နားလည်မှု၊ စည်းလုံးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုလိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးမှုမှ တရားဥပဒေစိုးမိုးမှုသို့ လည်းကောင်း၊ ငြိမ်းချမ်းတည်ငြိမ်ရေးမှ လူ့အခွင့်အရေးသို့လည်းကောင်း၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်(Reform Agenda)ဖြင့် သဘောတရား(Policy)ဆိုင်ရာ ဦးစားပေးချက်များ ချမှတ်နိုင်ပါကြောင်း၊ ဤလွှတ်တော်သည် မြန်မာနိုင်ငံ ဒီမိုကရေစီ အကူးအပြောင်း၏ ဗဟိုချက်ဖြစ်ပါကြောင်း၊ ဤနေရာတွင် တိုင်းရင်းသားပေါင်းစုံ၊ ဘာသာပေါင်းစုံနှင့် အဖွဲ့အစည်းပေါင်းစုံတို့မှ ကိုယ်စားလှယ်များ စုစည်းနေကြပါကြောင်း၊ ဤနေရာတွင် ပါတီပေါင်းစုံတို့က လက်တွဲပြီး ပြောင်းလဲမှုအတွက် အားလုံးပါဝင်သော အမျိုးသားလုပ်ငန်းစဉ် (National Agenda) ရေးဆွဲကြရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်နာယကကြီး ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့၏ ဦးဆောင်မှုဖြင့် လွှတ်တော်၏လုပ်ငန်းစဉ်အတွင်း ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းပိုမိုရရှိနိုင်ပါကြောင်း၊ စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဖွံ့ဖြိုးမှုရရှိရန် ဒီမိုကရေစီရှင်သန်နိုင်စေသော စိမ့်စမ်းမြောက်မြားစွာ လိုအပ်ပါကြောင်း၊ ထိုသို့ဖြစ်မြောက်နိုင်ရန် ပြည်သူများ၏အသံကို နားထောင်ရန် လိုအပ်ပါကြောင်း၊ အမျိုးသားနိုင်ငံရေးအဆင့်ဆင့်တွင် ပြည်သူများပါဝင်နိုင်ရန် နိုင်ငံရေးတွင် လမ်းဖွင့်ပေးရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံသစ် တည်ဆောက်ရာတွင် အမျိုးသမီးများ၊ လူငယ်များ၊ ကျေးလက်နေဆင်းရဲသူများ၊ တိုင်းရင်းသားလူမျိုးစုများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ မီဒီယာများ၊ လူမှုလူတန်းစားအဖွဲ့အစည်းများအားလုံး ကဏ္ဍအသီးသီးတွင် ပါဝင်နိုင်ပါကြောင်း၊ တတိယမှာ ဝီရိယာဓိပတိတရားပင် ဖြစ်ပါကြောင်း၊ ဝီရိယာဓိပတိတရား မပါသောအလုပ်သည် လိုအပ်သော ရလဒ်မရရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ မျှော်လင့်ချက်များ မြင့်မားပါကြောင်း၊ သူတို့သည် ပြုပြင်ပြောင်းလဲမှုဆောင်ရွက်သည့်နေရာ၌ ဤလွှတ်တော်ကြီးက အရှိန်အဟုန်မြှင့်တင်စေလိုသည့် ဆန္ဒရှိပါကြောင်း၊ ထို့ကြောင့် ဝီမံသာဓိပတိတရားဖြစ်သည့် ပညာလိုအပ်ပါကြောင်း၊ စစ်မှန်သော ခေါင်းဆောင်မှုသည် ပညာအပေါ်အခြေပြုပါကြောင်း၊ နိုင်ငံတိုင်းတွင် မိမိပြည်သူများ၏ လိုအပ်ချက်၊ မျှော်မှန်းချက်များနှင့် ကိုက်ညီသည့် တိုးတက်ရေးလမ်းကြောင်းပေါ် လျှောက်ရပါကြောင်း။

အသိတရားနှင့် ဉာဏ်ပညာပြည့်ဝမှုဖြင့် မြန်မာနိုင်ငံတွင် ပါတီအဖွဲ့အစည်းများ၏ အစွမ်းအစ အပြည့်အဝ အသုံးချနိုင်ပါကြောင်း၊ တရားသေလမ်းကြောင်းတွင်သာ ပိတ်ညှပ်နေရခြင်းတို့မရှိရန် လိုပါကြောင်း၊ အသိတရားနှင့် ပညာရှေ့ထားခြင်းဖြင့် အားလုံးရှေ့ဆက်လျှောက်နိုင်စေမည့် ပျော့ပျောင်းမှုထားရှိရန်လည်း လိုပါကြောင်း၊ ရှေ့လျှောက်တွင် အရေးကြီးသော မှတ်ကျောက်ကြီးများရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံ၏ ဥက္ကဋ္ဌနေရာရယူခြင်းဖြင့် ဒေသအတွင်း ခေါင်းဆောင်မှုနှင့်အတူ တာဝန်ဝတ္တရားများနှင့် မျှော်လင့်ချက်များလည်း ပိုမိုမြင့်မားလာမည်ဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲ ထပ်မံကျင်းပကြဦးမည်ဖြစ်ပါကြောင်း၊ ဤအရေးပါသော အချိန်များတွင် မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းတို့ အလုပ်တွဲလုပ်ကြရမည် ဖြစ်ပါကြောင်း၊ ယင်းတာဝန်များကို မြန်မာနိုင်ငံသူ နိုင်ငံသားတို့ အလေးထားပြီး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အပြောင်းအလဲကို တမ်းတနေသူများ၊ သတ္တိရှိရှိစွန့်စားနိုင်ခဲ့သူများ၊ ဒီမိုကရေစီမျှော်လင့်ချက်များကို မစွန့်လွှတ်နိုင်သူများ၊ အပြောင်းအလဲငတ်မွတ်နေသူများ၏ ရည်မှန်းချက်များကိုလည်း ဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း၊ ထိုသို့ လုပ်ဆောင်သည့်အခါ တစ်ဦးနှင့်တစ်ဦး အရှိန်မတူသော်လည်း အားလုံးသည် လက်တွဲကြရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ရှေးရှုနိုင်ရန် ဤသမိုင်းဝင်အချိန်တွင် အချက်(၄)ချက်ပါသော လုပ်ငန်းအစီအစဉ်ကို ဖော်ပြလိုပါကြောင်း၊ ပထမဆုံး ပြည်သူများသည် ၎င်းတို့၏ဘဝတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ရလဒ်ကို အမြန်ဆုံးမြင်နိုင်ရန် လိုပါကြောင်း၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ပိုမိုရင်းနှီးရန် ဆုံးဖြတ်ခြင်းသည် အစကောင်းတစ်ခုပင် ဖြစ်ပါကြောင်း၊ ကျေးလက်ဆင်းရဲမှုဒုက္ခမှ လွတ်မြောက်လာစေနိုင်ရန် အလုပ်အကိုင်ပိုမိုရရှိနိုင်ရေးကို ဦးစားပေးရမည်ဖြစ်ပါကြောင်း၊ ယင်းတို့မှာ မြန်မာပြည်သူများတွက် ဦးစားပေးလိုအပ်ချက်များ ဖြစ်ပါကြောင်း၊ လွှတ်တော်အတွက်လည်း ဦးစားပေးရမည့်အချက်များပင်ဖြစ်ပါကြောင်း၊ သို့သော် သည့်ထက်ပိုမို၍ လုပ်ဆောင်နိုင်ရန်လည်း လိုအပ်နေသေးကြောင်း၊ ယနေ့ မိမိသည် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းအား ပိတ်ဆို့မှုအပေါင်းကို ဖယ်ရှားခြင်း၊ လျှော့ပေါ့ဆိုင်းငံ့ခြင်းတို့ကို ပိုမိုဆောင်ရွက်ကြပါရန် တောင်းဆိုလိုပါကြောင်း။

ဒုတိယအနေဖြင့် မြန်မာနိုင်ငံ၌ နိုင်ငံတကာဖွံ့ဖြိုးမှုအကူအညီနှင့် နိုင်ငံခြားနှင့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လိုအပ်ပါကြောင်း၊ အခြားအိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံသည် လူတစ်ဦးစီအတွက် ဖွံ့ဖြိုးမှုအကူအညီ ရာခိုင်နှုန်းအနည်းဆုံး ရရှိသောနိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံခြင်းသည် ပြုပြင်ပြောင်းလဲမှု၏ အကောင်းဆုံးအားပေးမှုပင် ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် လွှတ်တော်သည် ကူညီထောက်ပံ့ခြင်းကိုဖြစ်စေသော အခြေအနေများကို ဖန်တီးရမည်ဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ အတွေ့အကြုံကို လေ့လာခြင်းဖြင့် မြန်မာနိုင်ငံသည် မိမိ၏ သဘာဝအရင်းအမြစ်များကို ပိုမိုဖွံ့ဖြိုးအောင် ဆောင်ရွက်ရင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အားပေးခြင်း၊ ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများ၌ အုပ်ချုပ်မှု (Governance) လုပ်ငန်း ပိုမိုပြောင်မြောက်စေခြင်း၊ တိုင်းပြည်၏ တန်ဖိုးကြီးမားသော ရေ၊ မြေ၊ တော၊ တောင် သဘာဝကို ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တိုးတက်ဖွံ့ဖြိုးခြင်း၏ အကျိုးအမြတ်ကို ပြည်သူအားလုံးနှင့် ပြည်နယ်အားလုံး မျှဝေခံစားနိုင်ရန်၊ တူညီမျှတသောဖွံ့ဖြိုးမှုကို ဖော်ဆောင်သောမူဝါဒများကို ချမှတ်ကြပါရန် တိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံသည် ဤဒေသကြီး၏ စီးပွားရေး အရှိန်အဟုန်တွင်ပါဝင်ရန် အချိန်တန်နေပြီဖြစ်ပါကြောင်း၊ တတိယအချက်မှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး အပြည့်အဝဖော်ဆောင်ရန် ဖြစ်ပါကြောင်း၊ ဤခက်ခဲသောပြဿနာအချို့မှာ တိုးတက်မှုလိုနေသေးပါကြောင်း၊ ဥပမာ- ရွှေ့ပြောင်းခံရသောလူထုများ၊ တိုင်းရင်းသားလူမျိုးစုနှင့် နိုင်ငံရေးအဖွဲ့များအတွက် လုံခြုံရေးအာမခံခြင်းနှင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးခြင်းတို့ဖြစ်ပါကြောင်း။

တူညီမှုနှင့် တရားမျှတမှုအပေါ် အခြေခံခိုင်ထားသော တိုးတက်မှုအရှိန်အဟုန်ကောင်းကို ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ သို့မှသာလည်း အစိုးရနှင့် တိုင်းပြည်၏ လူမျိုးစု၊ နိုင်ငံရေးနှင့် ဘာသာရေးအဖွဲ့အစည်းတို့အကြား ယုံကြည်မှုကို တည်ဆောက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ အစိုးရနှင့် တိုင်းရင်းသားအဖွဲ့အစည်းများအကြား အပစ်အခတ်ရပ်စဲရေးအတွက် တိုးတက်မှုများရရှိနေမှုကို မိမိချီးမွမ်းလိုပါကြောင်း၊ နှစ်ဖက်အကြား ကျန်ရှိနေသောကိစ္စများကို အမြန်ဆုံးဖြေရှင်းသွားနိုင်ရန် မိမိတိုက်တွန်းလိုပါကြောင်း၊ ကချင်ပြည်နယ်၌ ဖြစ်နေသည့် အခြေအနေသည် အခြားအဖွဲ့ကြီးများနှင့် သဘောတူညီချက်ယူနိုင်ခဲ့သော အပစ်အခတ်ရပ်စဲရေးအခြေအနေနှင့် ကွာဟလျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကိုဖော်ဆောင်စေမည့် အပစ်အခတ်ရပ်စဲမှုနှင့် နိုင်ငံရေးနှင့်သက်ဆိုင်သော သဘောတူညီချက်အခွင့်အလမ်းကို ကချင်လူမျိုးစုများ မဆုံးရှုံးသင့်ပါကြောင်း၊ လူသားချင်းဆိုင်ရာ အကူအညီများ ပေးနိုင်ရန်အတွက် ကချင်ပြည်နယ်ကို ဝင်ရောက်သွားလာခွင့်ပေးခြင်းကို မိမိတို့ အသိအမှတ်ပြုလိုပါကြောင်း၊ ယင်းသို့ ဝင်ရောက်သွားလာနိုင်မှုအခွင့်အရေး ဆက်လက်ရရှိနေရမည်ဖြစ်ပါကြောင်း၊ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး၏ အောင်မြင်မှုသည် ဤကိစ္စများကို လွှတ်တော်အတွင်း၌ လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များအတွင်း၌လည်းကောင်း မည်သို့မည်ပုံ ဆွေးနွေးကြသည်ဆိုသည့်အပေါ်တွင် မူတည်ပါကြောင်း၊ စတုတ္ထအချက်မှာ တရားဥပဒေစိုးမိုးရေး၊ အထူးသဖြင့် လွတ်လပ်စွာပေါင်းသင်းဆက်ဆံခြင်းနှင့် ပြောဆိုခြင်းတို့ ပါဝင်သော လူ့အခွင့်အရေးများ လေးစားရေးကို အခြေခံသည့် အားလုံးပါဝင်သော ဒီမိုကရေစီထုံးတမ်းကျင့်စဉ် (Democratic Culture) ဖော်ဆောင်ရန် လိုအပ်ပါကြောင်း၊ လူမှုလူတန်းစားအဖွဲ့အစည်းများနှင့် လူမျိုးစုများ၏ အခွင့်အရေးများကို ကာကွယ်သည့်ဥပဒေချမှတ်ချက်များ လိုအပ်ပါကြောင်း၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းသည် အစသာ ဖြစ်ပါကြောင်း။

ကမ္ဘာတစ်ဝန်းလုံးတွင် အစိုးရများသည် တစ်ဦးတစ်ဘာသာတည်း လုပ်ဆောင်နိုင်ခြင်းမရှိကြပါကြောင်း၊ တိုးတက်မှုကို အတူတကွ ဖော်ဆောင်ရမည်ဖြစ်ပြီး ကုလသမဂ္ဂသည် အစွမ်းရှိသရွေ့ ကူညီရန် အဆင်သင့်ရှိပါကြောင်း၊ ကုလသမဂ္ဂအပါအဝင် အခြားအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ လမ်းညွှန်အကြံပေးမှုကို မြန်မာနိုင်ငံက လိုလားခြင်းကို မိမိကြိုဆိုပါကြောင်း၊ UN Global Compact, the Economic and Social Commission for Asia and the Pacific နှင့် UN Office on Drugs and Crime သည် ပူးပေါင်းဆောင်ရွက်မှုကြောင့် အမျိုးသားကြိုးပမ်းတိုးတက်ခြင်းကို ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ အလားတူပင် UNDP သည် မြန်မာနိုင်ငံအတွက် ပုံမှန် Country Programme တစ်ခုကို စတင်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုမှာ အရေးပါအရာရောက်စေမည့် သဘောရှိပြီး နှစ် ၃၀ အတွင်း ပထမဆုံးသော သန်းခေါင်စာရင်းကောက်ခံမှုတွင်



ကုလသမဂ္ဂသည် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေး အမြဲအသင့်ရှိနေရန် မိမိဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ဤလုပ်ငန်းများတွင် ငြိမ်းချမ်းမှုတည်ဆောက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ရွေးကောက်ပွဲဆိုင်ရာ အကူအညီအဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ဒီမိုကရေစီကျင့်စဉ်များ ဖော်ဆောင်ရေးတို့ ပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ အကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုသည် သဘာဝကျပါကြောင်း၊ မြန်မာနိုင်ငံသည် ဤအဖွဲ့အစည်းကြီး၏ သမိုင်းတွင် အရေးပါသောနေရာ၌ ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂစတင်တည်ထောင်သည့် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အပြင် Peacekeeping Operation တွင်လည်း အစကနဦး၌ ပါဝင်ခဲ့ပါကြောင်း။

ယင်းကဲ့သို့ ပူးပေါင်းမှုကို လာမည့်နှစ်ကာလများတစ်လျှောက် ပြန်လည်ရှင်သန်ရန် ဆန္ဒပြုလိုပါကြောင်း၊ အတွင်းရေးမှူးချုပ်တစ်ဦးအနေနှင့် မိမိသည် ဤမြန်မာနိုင်ငံ၏ သားကောင်းဖြစ်သော ဦးသန့်ခြေရာကို လိုက်နေပါကြောင်း၊ ၎င်းသည် အကြမ်းဖက်မှုကိုကျော်လွှားရန်၊ အတ္တစိတ်ကိုကျော်လွှားရန်၊ မိမိတို့လူသားအားလုံး၏ အကျိုးအမြတ်ကို ဆောင်ရွက်ရန် ကမ္ဘာကို အမြဲသတိပေးခဲ့ပါကြောင်း၊ တစ်ခုတည်းသော ကမ္ဘာစိတ်ဓာတ်ဖြစ်ပေါ်စေရန် အချင်းချင်းနားလည်မှုရှိရန်နှင့် အပြန်အလှန် ဝတ္တရားများရှိရန်လိုကြောင်း သူယုံကြည်ခဲ့ပါကြောင်း၊ ယနေ့အခါဝယ် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် မြန်မာနိုင်ငံ၏ ပါဝင်မှုကို ကမ္ဘာက လိုအပ်နေပါကြောင်း၊ သည်တောင်းဆိုချက်ကို ဖြည့်ဆည်းရန် အဖြေသည် အဆွေတော်တို့လက်ထဲ၌ ရှိနေပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယခုကဲ့သို့ ပြည်ထောင်စုလွှတ်တော်၌ မိန့်ခွန်းပြောကြားပေးသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအား ကျေးဇူးတင်ကြောင်းနှင့် မိန့်ခွန်းအား လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြောကြားသည်။

**ဥပဒေကြမ်း(၁)ခု မှတ်တမ်းတင်ခြင်းကဏ္ဍ** ၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူကာ နိုင်ငံတော်သမ္မတက ဥပဒေဖြင့် လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန် ဧပြီ ၂၇ ရက်တွင် ပေးပို့ထားသည့် **အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေကြမ်း**ကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

**လွှတ်တော်ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းကဏ္ဍ**၌ ပြည်ထောင်စုလွှတ်တော်နာယက က ပြောကြားရာတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၃၀ ရက်အတွင်း (၂၉)ရက်မြောက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ တတိယပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့်အခြေအနေကို တင်ပြလိုပါကြောင်း၊ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးက အတည်ပြုသည့် ဥပဒေကြမ်း(၈)ရပ်နှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်း(၃)ရပ်တို့ကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ပြီး ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း(၈)ရပ်မှာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ ၂၀၁၂ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ၊ ၂၀၁၂- ၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ ၂၀၁၂ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေနှင့် လယ်ယာမြေဥပဒေတို့ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်း(၃)ရပ်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေနှင့် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် ကျဆုံးသော (သို့မဟုတ်) သေဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေတို့ဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကိုမူ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ခဲ့ပါကြောင်း။

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် မှတ်တမ်းတင်ခဲ့သည့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်ရေးအတွက် ပေးပို့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများဖြစ်သည့် အဆို(၆)ခု ဆွေးနွေးအတည်ပြုခြင်းနှင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ ပင်လယ်ပြင် နှစ်နိုင်ငံနယ်နိမိတ်နှင့် ပတ်သက်သည့် မေးခွန်း(၁)ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်းဖြင့် အသိပေးပြောကြားသည်။

**အစီရင်ခံစာတင်ပြခြင်းကဏ္ဍ**၌ မတ်လ ၂၇ ရက်ထုတ် Hot News ဂျာနယ်တွင် ဖော်ပြထားသည့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စာရေးသူမမတို့၏ ဆွေးနွေးမေးမြန်းချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်အခွင့်အရေးပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးမြည်မိမ်းက ဖတ်ကြားသည်။

အဆိုပါအစီရင်ခံစာတွင် Hot News ဂျာနယ်၌ စာရေးသူမမနှင့် ပြည်ထောင်စုဝန်ကြီးတို့၏ ဆွေးနွေးချက်တွင် ဖော်ပြပါရှိသော အချို့အချက်အလက်များမှာ လွှတ်တော်တစ်ရပ်လုံးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးအား ပြည်သူလူထုက အထင်အမြင်လွဲမှား၊ အယုံအကြည်ကင်းမဲ့၊ ဂုဏ်သိက္ခာကျဆင်းစေနိုင်ကြောင်းကို လေ့လာသုံးသပ်ရရှိပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်က ယခုကဲ့သို့ ပြောဆိုဆွေးနွေးချက်များမှာ လွှတ်တော်အပေါ် ရည်ရွယ်ချက်များမထားရှိဘဲ စိုက်ပျိုးရေးလုပ်ငန်းဆွေးနွေးရာတွင် မိသားစုအသွင် သဘောရိုးဖြင့် ပြောဆိုဆွေးနွေးခဲ့မိခြင်းသာဖြစ်ပြီး ယင်းဆွေးနွေးချက်အပေါ် အမှားပါပါက နားလည်ခွင့်လွှတ်ပေးပါရန်ကိုလည်း တောင်းပန်ထားကြောင်းပါရှိပါသဖြင့် လွှတ်တော်အနေဖြင့်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်းကောင်း သဘောထားကြီးစွာဖြင့် ပြည်ထောင်စုဝန်ကြီး၏ တောင်းပန်ချက်အား လက်ခံပေးသင့်ပါကြောင်းကို သုံးသပ်ရရှိပါကြောင်း၊ သို့ဖြစ်၍ ပကတိအခြေအနေမှန်အပေါ်၌ သိရှိနားလည်လက်ခံပေးနိုင်ပါရန်အတွက် အထူးမေတ္တာရပ်ခံတင်ပြထားခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် Hot News ဂျာနယ်ပါ ရေးသားဖော်ပြချက်များနှင့်ပတ်သက်၍ မိမိအပေါ် အထင်အမြင် လွဲမှားနေမှုများ အပေါ်၌ ဖြေရှင်းတင်ပြပေးရန်၊ တောင်းပန်ပေးရန် တောင်းဆိုချက်များအရ ဧပြီ ၂၇ ရက်တွင် လွှတ်တော်အခွင့်အရေးပူးပေါင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံကာ မူရင်းအသံသွင်း မှတ်တမ်းဖိုင်နှင့်တကွ အသေးစိတ်ရှင်းလင်းတင်ပြဆောင်ရွက်ခဲ့ပြီး လိုအပ်ပါက တောင်းပန်ရန်အသင့်ရှိကြောင်းကိုလည်း ပြောကြားခဲ့ပြီးဖြစ်ပါကြောင်း။

နိုင်ငံသားအားလုံးတို့အပေါ်တွင် မိမိ၏သန့်ရှင်းဖြူစင်သော စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် Hot News ဂျာနယ်သို့ မိသားစုအသွင် ရှင်းလင်းပြောကြားဆွေးနွေးခဲ့သည့် အချက်များအပေါ်တွင် ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် အထင်အမြင်လွဲမှားခံစားနေမှုများနှင့်စပ်လျဉ်း၍ ဖြစ်စဉ်အမှန်ပေါ်၌ နားလည်ခွင့်လွှတ်ပေးနိုင်ပါရန် လေးစားစွာဖြင့် ထပ်လောင်းမေတ္တာရပ်ခံတောင်းပန်အပ်ပါကြောင်း၊ ဤမြေတွင် မွေးဖွားခဲ့ကြပြီး တစ်မြေတည်းအတူနေ၊ တစ်ရေတည်းအတူသောက်၊ တစ်လှေတည်းအတူ ခရီးသွားနေကြသည့် ခရီးသွားဖော်ညီအစ်ကိုများအဖြစ် မေတ္တာရှေ့ထားပြီး မိမိအပေါ် ခွင့်လွှတ်နားလည်ပေးနိုင်ပါရန် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား အနူးအညွတ်တောင်းပန်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

လွှတ်တော်များက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များသည် ပြည်ထောင်စုအဆင့် ဟုတ်၊ မဟုတ်ဆိုသောကိစ္စနှင့်စပ်လျဉ်း၍ အခြေအနေ



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးအနေဖြင့် ဂျာနယ်တွင်ဖော်ပြထားသည့်ကိစ္စများနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်ကျင်းပချိန်တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား မိမိ၏သဘောထားနှင့်ရည်ရွယ်ချက်တို့ကို အသိပေးလာရောက်ရှင်းလင်းတင်ပြပြီး တောင်းပန်စေသင့်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြန်လည်ရှင်းလင်းတင်ပြသည်။

ထိုသို့တင်ပြရာတွင် နိုင်ငံတော်တစ်ဝန်းလုံး၏ ၇၀ ရာခိုင်နှုန်းကျော်ရှိ တောင်သူလယ်သမားများ၊ မိသားစုဝင်များအပါအဝင် နိုင်ငံသားအားလုံးတို့အပေါ်တွင်ထားရှိသည့် စိတ်ရင်းကောင်း၊ စေတနာကောင်း၊ မေတ္တာမှန်အားဖြင့် သတင်းသမားတစ်ဦးကို မိသားစုအသွင် အလွန်စိတ်ရှည်စွာ ဆွေးနွေးဖြေကြားခဲ့မှုများနှင့် ပတ်သက်၍ လယ်ယာစီးပွားသတင်းဂျာနယ်တွင် ပြည့်စုံစွာပြန်လည်ဖော်ပြ၍ အရပ်ရပ်ကို ပြည့်စုံအောင်ထပ်မံလေ့လာရန် လိုအပ်သဖြင့် ၎င်းကိစ္စနှင့်တကွ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းနှင့် ၂၀၁၂ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုမည့်လုပ်ငန်းအား လာမည့် စတုတ္ထအကြိမ် ပုံမှန်အစည်းအဝေးအထိ ရွှေ့ဆိုင်းရန် လွှတ်တော်ဥက္ကဋ္ဌနှစ်ဦး ညှိနှိုင်းဆုံးဖြတ်ထားကြောင်းနှင့် လာမည့် မေလ ၂ ရက်(ဗုဒ္ဓဟူးနေ့)တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ် သီးခြားအစည်းအဝေးများဆောင်ရွက်ရန်ရှိနိုင်ပြီး အခြေအနေကို လွှတ်တော်ဥက္ကဋ္ဌနှစ်ဦး ညှိနှိုင်းတိုင်ပင်ပြီး ထပ်မံအသိပေးမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင်ရပ်နားပြီး ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ နေပြည်တော်အတွင်း ကြည့်ရှုလေ့လာ



**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဇနီး Mrs. BAN Soon-taek နှင့် အဖွဲ့ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်၌ ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဧပြီ ၃၀**

နေပြည်တော်တွင် ရောက်ရှိနေသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ဇနီး Mrs. BAN Soon-taek ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် ဥပ္ပါတသန္တိစေတီတော်သို့ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး စေတီတော်လိုဏ်တော်အတွင်းရှိ စကျင်ကျောက်ထွင်း ဗုဒ္ဓဝင်ပန်းချီကားများကို ကြည့်ရှုလေ့လာကြကာ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဇနီးသည် စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ထိုမှတစ်ဆင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဇနီးသည် တာဝန်ရှိသူများလိုက်ပါလျက် မြန်မာ့ကျောက်မျက်ရတနာပြတိုက် ပြတိုက်ပထမထပ်၌ ခင်းကျင်းပြသထားသည့် မြန်မာ့တွင်းထွက်ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ (သတင်းစဉ်)

## အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာတိုက်ကွမ်ဒိုအားကစားအဖွဲ့အား တွေ့ဆုံ

**ရန်ကုန် ဧပြီ ၃၀**

ဗီယက်နမ်နိုင်ငံ၌ မေ ၄ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ် အာရှတိုက်ကွမ်ဒို “က”ကွက်ပြိုင်ပွဲနှင့် အကြိမ်(၂၀)မြောက် အာရှတိုက်ကွမ်ဒို ဖိတ်ခေါ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအားကစားအဖွဲ့အား တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်အား မြန်မာအားကစားအဖွဲ့ဝင်များနှင့် တစ်ဦးချင်းမိတ်ဆက်ပေးပြီး မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အောင်မြင်မှုရရှိရေးအတွက် အားပေးစကားပြောကြားကာ ဖိတ်ခေါ်ပြိုင်ပွဲသို့သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား တစ်ဦးချင်း နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လူငယ်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၃၀**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လူငယ်တင်းနစ်ပြိုင်ပွဲကို မေ ၁၂ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ကျင်းပမည့် ပြိုင်ပွဲအမျိုးအစားများမှာ (၁၀)နှစ်၊ (၁၂)နှစ်၊ (၁၄)နှစ်၊ (၁၆)နှစ်နှင့် (၁၈)နှစ်အောက် မျိုးဆက်သစ်လူငယ် အမျိုးသား အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲအားလုံးသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လာရောက်ယှဉ်ပြိုင်ကြသည့် မျိုးဆက်သစ်တင်းနစ်ကစားသမားများအတွက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ ခရီးစရိတ်နှင့် စားသောက်နေထိုင်ရေးတို့ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ယင်းလူငယ်တင်းနစ်ပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်ကစားသမားများသည် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀၊ ၃၈၁၉၉၁၊ ၃၈၁၉၉၂၊ လိုင်းခွဲ-၀ တို့သို့ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁-၅-၂၀၁၂ (အင်္ဂါနေ့)**

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၄၀ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ နှောင်းခေတ်တေးပဒေသာ
- ၈း၂၀ “ဧရာတိုင်းကို ဂုဏ်ဆင့်ပွား ပေပင်မြစ်ကူးတံတား”
- ၄း၁၅ နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ တွဲဖက်ဖျော်ဖြေခန်း
- ၄း၃၀ “အမှန်ထင်နေသောအမှား”
- ၄း၅၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၅း၁၅ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅း၂၅ အလုပ်သမားနေ့ဂုဏ်ပြုအစီအစဉ်
- ၅း၄၅ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆း၂၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၃၅ ဆိုလိုက်ကြစို့
- ၇း၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချမ်းမြေ့ပျော်ရွှင်”(အပိုင်း-၂၄)**
- ၈း၀၀ ပြည်တွင်းသတင်း
  - -ချိုမြိန်ရသာမုန့်ကမ္ဘာ
  - -နိုင်ငံခြားဇာတ်လမ်းတွဲ “ရှုမငြီးတဲ့ချစ်သမီး” (အပိုင်း-၂)
  - **-အိန္ဒိယရုပ်ရှင် “အထီးကျန်ဝိညာဉ်” (ဇာတ်သိမ်းပိုင်း)**

## ပိုက်ကျော်ခြင်းနည်းပြ ဒိုင်/ဂျူရီသင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၃၀**

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ပိုက်ကျော်ခြင်း နည်းပြ၊ ဒိုင်/ဂျူရီသင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ရွှေကြာပင်ရပ်ကွက်ရှိ နိုင်ငံတော် အားကစားလေ့ကျင့်ရေးစခန်း သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၏ ကိုယ်စား အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးနှင့် သင်တန်းသူတစ်ဦးတို့ထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဥတုရာသီ တောကို မှီ၏

## ရှိုင်းဟော့ဆန် အင်္ဂလန်အသင်းနည်းပြဖြစ်လာနိုင်

**နိုင်လင်းကြည်**

**လန်ဒန် ဧပြီ ၃၀**

ဝက်စ်ဘရွန်းအသင်းမန်နေဂျာ ရှိုင်းဟော့ဆန်အား အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က အင်္ဂလန်အသင်းမန်နေဂျာအဖြစ် ခန့်အပ်ရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဧပြီ ၃၀ ရက် သတင်းများတွင် ဖော်ပြသည်။

အက်ဖ်အေအကြီးအကဲများသည် လစ်လပ်နေသော အင်္ဂလန်အသင်းမန်နေဂျာနေရာတွင် အစားထိုးရန် ရှိုင်းဟော့ဆန်နှင့် ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ၇၂ နာရီအတွင်း အသင်းမန်နေဂျာအဖြစ် ခန့်အပ်သွားမည်ဟု ဆိုလာသည်။

**မျက်စိကျနေ**

ဘောလုံးပရိသတ်များကြားတွင် စပါးအသင်း နည်းပြဟယ်ရီရက်နက်မှာ လစ်လပ်နေသော အင်္ဂလန်အသင်းမန်နေဂျာအဖြစ် ခန့်အပ်ခြင်းခံရမည်ဟု ရေပန်းစားနေသော်လည်း အက်ဖ်အေကမူ ရက်နက်နှင့်ဆွေးနွေးမှုများ ပြုလုပ်ခဲ့လျှင်သော်မှ အင်္ဂလန်အသင်းနည်းပြအဖြစ် ရည်ရွယ်ထားခြင်းမရှိဘဲ အင်္ဂလန်အသင်းမန်နေဂျာရာထူးနှင့် ကိုက်ညီမည့် ရှိုင်းဟော့ဆန်**(အောက်ပုံ)**ကိုသာ မျက်စိကျနေခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဆွစ်ဇာလန်အသင်းနည်းပြဟောင်း ရှိုင်းဟော့ဆန်၏ ကိုယ်ရေးရာဇဝင်များကို ကြည့်ရှုခြင်းအားဖြင့် နိုင်ငံတကာ အတွေ့အကြုံရှိသူဖြစ်ကြောင်းနှင့် ဟယ်ရီရက်နက်နှင့် နှိုင်းယှဉ်ပါက နည်းပြအရည်အချင်းနှင့် ပြည့်စုံသူဟု ရှိုင်းဟော့ဆန်အား အက်ဖ်အေက မှတ်ချက်ပြုခဲ့သည်။

ရှိုင်းဟော့ဆန်အနေဖြင့်လည်း အင်္ဂလန်အသင်းနည်းပြဖြစ်လာရန် ဆန္ဒရှိကြောင်း လူသိရှင်ကြားပြောကြားခဲ့ဖူးသည်။ ဟော့ဆန်သည် ဝက်စ်ဘရွန်းအသင်းနှင့် စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုမည်ဟု သဘောတူထားသော်လည်း လာမည့်ဇွန်လတွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ခြင်းကြောင့် အက်ဖ်အေက အင်္ဂလန်နည်းပြအဖြစ် ခန့်အပ်ခဲ့ပါမူ ကြည်ဖြူစွာလက်ခံလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

***အင်တာနက်။***

**အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**



## ဂိတ်ကြေးမပို၊ တန်မပို၊ ဈေးနှုန်းကချို

- ❒ လမ်းတွေဘာကြောင့်ပျက်၊ တန်ပို တင်လို့ပျက်။
- ❒ တန်ပို ဘာကြောင့် တင်ရတယ်၊ ဂိတ်ကြေးများလို့ တင်ရတယ်၊
- ❒ ဂိတ်ကြေး ဘာကြောင့် များရတယ်၊ လေလံကြေးများလို့ တင်ရတယ်။
- ❒ လေလံကြေး ဘာကြောင့်များ၊ အပြိုင်အဆိုင် ငွေပုံပေးလို့များ။
- ❒ အပြိုင်အဆိုင် ဘာကြောင့် ငွေများများပေးကြတယ်၊ လုပ်ပိုင်ခွင့်ရဖို့ များများပေးကြတယ်။
- ❒ လုပ်ပိုင်ခွင့် ဘာကြောင့် လိုချင်တယ်၊ အမြတ်အစွန်း များများရချင်၊ လိုချင်လို့ဖြစ်တယ်။
- ❒ အမြတ်အစွန်း ဘာကြောင့် များများရ၊ လောဘဇောတိုက်ကာ ဂိတ်ကြေးမြှင့်၍ရ။
- ❒ ဂိတ်ကြေးမြှင့်တော့ ကုန်ပိုတင်၊ ကုန်ပိုတင်တော့ လမ်းတွေပျက်၊ နိုင်ငံတော်နှင့် ပြည်သူ့အတွက်၊ အလွန်နစ်နာလျက်။
- ❒ ယခုအခါ ဂိတ်ကြေးမှာ၊ ပုံသေသတ်မှတ်၊ မဲနှိုက်ချ၊ ဂိတ်ကြေးမမြှင့်၊ ပုံမှန်ဖြစ်။
- ❒ လိုက်နာရမှာ မှန်ကန်စွာ၊ ကုန်တင် သွား/လာဂိတ်မှာမကြာ၊ မြန်စွာခရီး၊ အချိန်တိုနဲ့ပြီး။
- ❒ ဂိတ်ကြေးမပို၊ တန်မပို၊ လမ်း-တံတားများ အစဉ်နပျို။
- ❒ ကင်းလွတ်ပြီ ဒီအခါ၊ ဂိတ်ကြေး၊ တန်ပို လမ်းပျက်သံသရာ။
- ❒ ကုန်ဈေးနှုန်း မတက်၊ လမ်း-တံတား မပျက်၊ တိုင်းပြည်သာယာလျက်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**နိုင်ငံတကာသတင်းများ    နိုင်ငံတကာသတင်းများ    နိုင်ငံတကာသတင်းများ**

## ငှက်ကြီးဝန်ပို ကောင်ရေ ၅၀၀ ကျော် သေဆုံးရမှု ပီရူးအာဏာပိုင်များ စုံစမ်းစစ်ဆေး

**လီမာ ဧပြီ ၃၀**

ပီရူးနိုင်ငံမြောက်ပိုင်း ကမ်းခြေတစ်လျှောက်တွင် ကီလိုမီတာ ၇၀ (မိုင် ၄၀)အတွင်းတွင် ငှက်ကြီးဝန်ပိုကောင်ရေ ၅၀၀ ကျော် သေဆုံးခဲ့မှုကို ပီရူးနိုင်ငံအာဏာပိုင်များက စစ်ဆေးမှုများ ပြုလုပ်နေကြောင်း ဧပြီ ၃၀ ရက် အင်တာနက်သတင်းများတွင် ဖော်ပြထားသည်။

ကမ်းခြေပေါ်တွင်တွေ့ရသော ငှက်ကြီးဝန်ပိုအသေကောင်များမှာ လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက သေဆုံးခဲ့ကြခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ငှက်ကြီးဝန်ပိုအသေကောင် ၅၄ ကောင်အပြင် သေဆုံးနေသည့် ပင်လယ်ဖျံအချို့နှင့် ပင်လယ်လိပ်တစ်ကောင်တို့ကိုလည်း ပီရူးသိပ္ပံပညာရှင်များက တွေ့ရှိခဲ့ရကြောင်း သတင်းတွင် ဖော်ပြထားသည်။

၎င်းတို့အနေဖြင့် ငှက်ကြီးဝန်ပိုများ သေဆုံးနေမှုကို တွေ့ရှိရသည့် ဒေသမှာ ယခုနှစ်အစောပိုင်းက ဖြစ်ပွားခဲ့သော လင်းပိုင်ကောင်ရေ ၈၀၀ ကျော် ကမ်းတင်သေဆုံးမှုဖြစ်ခဲ့ရသည့် ဒေသအတွင်း၌ပင် ဖြစ်ကြောင်း၊ အဆိုပါ လင်းပိုင်များသေဆုံးခဲ့သည့် အကြောင်းရင်းကို စုံစမ်းဖော်ထုတ်ဆဲဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ငှက်ကြီးဝန်ပိုများသေဆုံးမှုဖြစ်ရပ်အတွက် အကြီးအကျယ် စိုးရိမ်မိကြောင်း ပီရူးအစိုးရက ပြောကြားသည်။

ရှေးဦးရရှိသော အစီရင်ခံစာများ၌ ငှက်ကြီးဝန်ပိုများ ပင်လယ်ပြင်တွင် သေဆုံးခဲ့သည့် အထောက်အထားများ မရှိခဲ့ကြောင်း ဖော်ပြခဲ့သော်လည်း ပင်လယ်ကမ်းခြေတွင် ငှက်ကြီးဝန်ပို အသေကောင်များကို မြင်တွေ့ခဲ့ရသည်။ **အင်တာနက်။**



**ပီရူးနိုင်ငံမြောက်ပိုင်းကမ်းခြေတစ်လျှောက်၌ သေဆုံးနေသည့် ငှက်ကြီးဝန်ပိုများအား သိပ္ပံပညာရှင်များက စစ်ဆေးနေစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## တရုတ်နိုင်ငံ၌ ကာလရှည်မိုးခေါင်မှုကြောင့် ပြည်သူ ၈ ဒသမ ၅၇ သန်း ရေပြတ်လပ်

**ပေကျင်း ဧပြီ ၃၀**

တရုတ်နိုင်ငံ၌ ကာလရှည်မိုးခေါင်မှုကြောင့် ပြည်သူ ၈ ဒသမ ၅၇ သန်း သောက်ရေရှားပါးပြတ်လပ်နေပြီး လယ်ယာမြေများစွာ ခြောက်သွေ့လျက်ရှိကြောင်း နိုင်ငံတော် စားနပ်ရိက္ခာထိန်းချုပ်ရေးနှင့် မိုးခေါင်မှုဘေးအန္တရာယ် လျော့ပါးရေးဌာနက ဧပြီ ၂၉ ရက်တွင် ပြောကြားသည်။

မိုးခေါင်မှုကြောင့် လယ်ယာမြေဟက်တာ ၃ ဒသမ ၆၄ သန်းမှာ ခြောက်သွေ့လျက်ရှိကြောင်း၊ ယူနန်၊ ရှန်စီ၊ ဟူပေး၊ စီချွမ်နှင့် ကန်စုပြည်နယ်များ၌ မိုးခေါင်မှု၏ ဆိုးကျိုးသက်ရောက်မှုများကို တွေ့ကြုံခံစားနေရကြောင်း အဆိုပါဌာနက ပြောကြားသည်။

သို့ရာတွင် မိုးခေါင်မှုဒဏ်ကိုတွေ့ကြုံခံစားနေရသော ပြည်သူဦးရေနှင့် မိုးခေါင်မှုဖြစ်ပေါ်နေသော နယ်မြေဒေသ အကျယ်အဝန်းမှာ ယခင်နှစ်များနှင့်နှိုင်းယှဉ်လျှင် ယခုနှစ်တွင် ပိုမိုလျော့နည်းကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဧပြီလလယ်မှစ၍ နိုင်ငံတောင်ပိုင်းရှိ ပူပြင်းခြောက်သွေ့သော ဒေသများ၌ မိုးရွာသွန်းမှုရှိခဲ့သည်။ သို့ရာတွင် မိုးအလုံအလောက် ရွာသွန်းမှုမရှိသေးသဖြင့် ဒေသတွင်း၌ မိုးခေါင်မှုပြဿနာ ဖြစ်ပေါ်နေဆဲဖြစ်သည်။ **ဆင်ဟွာ။**

## ပင်လယ်ရေနက်ပိုင်း ရေနံစူးစမ်းရှာဖွေမှု ဂျပန်နိုင်ငံ စံချိန်သစ်တင်နိုင်

**တိုကျို ဧပြီ ၃၀**

ဂျပန်နိုင်ငံမြောက်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသ၏ ကမ်းလွန်၌ ပင်လယ်ရေနက်ပိုင်း ရေနံစူးစမ်းရှာဖွေမှုပြုလုပ်လျက်ရှိရာတွင် ပင်လယ်မျက်နှာပြင်အောက်ဘက် မီတာ ၇၇၄၀ (ပေ ၂၅၄၀၀)အထိ တူးဖော်ရေးပိုက်ကိုချနိုင်ခဲ့ကြောင်း၊ ယင်းမှာ ကမ္ဘာ့စံချိန်သစ်တစ်ရပ်ဖြစ်ကြောင်း ဂျပန်အဏ္ဏဝါနှင့် ကမ္ဘာမြေသိပ္ပံနှင့် နည်းပညာအေဂျင်စီက ဧပြီ ၃၀ရက်တွင် ပြောကြားသည်။

အဆိုပါ သုတေသနအဖွဲ့၏ ရေနံစူးစမ်းရှာဖွေရေး သင်္ဘောဖြစ်သော ချီကျူသင်္ဘောသည် ဂျပန်နိုင်ငံမြောက်ပိုင်း ပင်လယ်ကမ်းရိုးတန်းကမ်းလွန်ရှိ ပင်လယ်ကြမ်းပြင်ကို တူးဖော်လျက်ရှိသည်။

ချီကျူရေနံစူးစမ်းရှာဖွေရေးသင်္ဘောသည် ပြတ်ရွေ့ဇုန်၏ မြေသားနမူနာများကိုရယူခဲ့ပြီး လွန်ခဲ့သည့်နှစ်က ဖြစ်ပွားခဲ့သော မြေငလျင်လှုပ်မှုဆိုင်ရာ ဘူမိဗေဒသတင်းအချက်အလက်များကို စုဆောင်းလျက်ရှိကြောင်း အဆိုပါအေဂျင်စီက ပြောကြားသည်။

အမေရိကန်နိုင်ငံမှ ဂလိုမာချဲလင်ဂျာအမည်ရှိ ရေနံစူးစမ်းရှာဖွေရေးသင်္ဘောက ပင်လယ်ရေမျက်နှာပြင်အောက် မီတာ ၇၀၄၉ ဒသမ ၅ (ပေ ၂၃၁၃၀)အထိ တူးဖော်နိုင်ခဲ့သည့်စံချိန်ကို ချီကျူရေနံစူးစမ်းရှာဖွေရေးသင်္ဘောက ချိုးလိုက်နိုင်ကြောင်း သတင်းတွင် ရေးသားထားသည်။ **အင်တာနက်။**



## မက္ကဆီကို၌ အစာအဆိပ်သင့် လူ ၂၁၃ ဦး ဆေးရုံတင်ကုသနေရ

**မက္ကဆီကိုစီးတီး ဧပြီ ၃၀**

မက္ကဆီကိုနိုင်ငံ ပစိဖိတ်ကမ်းခြေဒေသ အကာပူလ်ကို၌ အစာအဆိပ်သင့်၍ လူ ၂၁၃ ဦး ဆေးရုံတင်ခဲ့ရကြောင်း၊ အများစုမှာ ကလေးများဖြစ်ကြကြောင်း၊ တာဝန်ရှိသူတစ်ဦးက ဧပြီ ၂၉ ရက်တွင် ပြောကြားသည်။

၎င်းတို့သည် အခြေခံကျောင်း၌ ကလေးများနေ့ကအစားအသောက်များ စားသောက်ပြီးနောက် အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းနှင့် အဖျားကြီးခြင်းတို့ ဖြစ်ခဲ့သည်ဟု ဂူရီရိုပြည်နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူ လာဇာရိုမာဇွန် အလွန်ဆိုက ပြောကြားသည်။

ဆေးရုံတက်ရောက်သူများတွင် အများစုမှာ အခြေအနေကောင်းကြောင်းနှင့် ဧပြီ ၃၀ ရက်တွင် အစာအဆိပ်သင့်မှုဖြစ်ရသည့် အကြောင်းရင်းကို တရားဝင်ထုတ်ပြန်မည်ဖြစ်ကြောင်း၊ အစာအဆိပ်သင့်ဖြစ်သူများကို မက္ကဆီကိုစီးတီးမြို့ အနောက်တောင်ပိုင်း ကီလိုမီတာ ၃၀၀ အကွာတွင်ရှိသော အပန်းဖြေစခန်းတည်ရှိရာ ဂူရီရိုပြည်နယ်ရှိ ဆေးရုံ၊ ဆေးခန်းများ၌ ဆေးကုသမှုခံယူလျက်ရှိသည်ဟု အလွန်ဆိုက ပြောကြားသည်။

ယင်းနေ့ကကျင်းပသောပွဲ၌ အမဲသားကင်၊ အီတလီခေါက်ဆွဲနှင့် ကိတ်မုန့်တို့ဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး လူငယ်သုံးဦးအပါအဝင် ၈၄ ဦးမှာ နာမကျန်းဖြစ်လျက်ရှိသည်ဟု သိရှိရသည်။

ဧပြီ ၂၈ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ (ဧပြီ ၂၉ ရက် ဂရင်းနစ်စံတော်ချိန် ၀၅:၀၀ နာရီ)တွင် လူငယ်ခုနစ်ဦးအပါအဝင် အစာအဆိပ်သင့်သူ ၂၁၃ ဦးအထိ ဖြစ်လာခဲ့သည်ဟု ၎င်းက ပြောဆိုသည်။

**ဆင်ဟွာ။**

## အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၌ မိုးကြိုးပစ်ခံရ၍ လူကိုးဦး သေဆုံး

**နယူးဒေလီ ဧပြီ ၃၀**

အိန္ဒိယနိုင်ငံအရှေ့ပိုင်းရှိ အနောက်ဘင်္ဂလားပြည်နယ်တွင် ဘုရားကျောင်းတစ်ကျောင်းကို မိုးကြိုးထိမှန်ခဲ့ရာ လူကိုးဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါပြည်နယ်ရဲတပ်ဖွဲ့က ဧပြီ ၃၀ ရက်တွင် ပြောကြားသည်။

အဆိုပါဖြစ်ရပ်မှာ ဟောင်ရာခရိုင် ဥဒေနရာည်ပူရ်ဒေသတွင် ဧပြီ ၂၉ရက်ကဖြစ်ပွားခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘုရားကျောင်းအတွင်း လူတစ်စုခိုနားစဉ် ယင်းဘုရားကျောင်းအား မိုးကြိုးထိမှန်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါလူစုမှာ ဘာသာရေးဆိုင်ရာ ပွဲတော်တစ်ခုအပြီးတွင် နေအိမ်ရှိရာသို့ ပြန်လာကြသူများဖြစ်ကြောင်း၊ မိုးကြိုးထိမှန်ခံရ၍ ဒဏ်ရာရရှိသူများထဲ၌ အချို့မှာစိုးရိမ်ဖွယ်ရာ အခြေအနေရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။ **အင်တာနက်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၃၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ H.E.Mrs. Catherine Ashton ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ H.E.Mrs. Catherine Ashton ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ဥရောပသမဂ္ဂ သံအမတ်ကြီး Mr. David Lipman လည်း တက်ရောက်သည်။



တွေ့ဆုံစဉ် EU မှ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား အသိအမှတ်ပြုတန်ဖိုးထားမှုနှင့် မိတ်ဖက်အဖွဲ့အစည်းအနေဖြင့် ထောက်ခံအားပေးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများအား ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆောင်ရွက်ရေး၊ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာစေရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ EU ၏ စီးပွားရေးပိတ်ဆို့မှုများအား ယာယီရပ်ဆိုင်းရာမှ အပြည့်အဝရုပ်သိမ်းပေးနိုင်ရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် နည်းပညာနှင့်စွမ်းရည်မြှင့်တင်မှုလုပ်ငန်းများနှင့် အခြားသောလိုအပ်ချက်များအား ဖြည့်ဆည်းကူညီနိုင်ရန် ပူးပေါင်းဆောင်ရွက်ရေး၊ အသေးစားငွေကြေးလုပ်ငန်းများတွင် EU အဖွဲ့အစည်းသာမက အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းကပါ ပါဝင်ကူညီဆောင်ရွက်နိုင်ရေးတို့ကို အသေးစိတ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ H.E.Mrs. Catherine Ashton ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**

(သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၃၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Dr. Guido Westerwelle ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး H.E.Mr. Christian-Ludwing Weber-Lortsch လည်းတက်ရောက်သည်။

တွေ့ဆုံစဉ် ပြည်တွင်းနိုင်ငံရေး တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများ၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်မှုများ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပါဝင်ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး၊ သဘာဝဓာတ်ငွေ့၊ ရေနံ၊ စားသောက်ကုန်၊ ရေလုပ်ငန်း၊ အကြီးစားစက်မှုလုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်ရေးအခြေခံအဆောက်အအုံ တည်ဆောက်ရေးကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး၊ စက်မှုအသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များ၊ ရေအရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်း၊ ပြည်တွင်းအသေးစားငွေကြေးလုပ်ငန်းများတွင် အကူအညီများ ပေးအပ်နိုင်ရေး၊ နှစ်နိုင်ငံအကြား ရေရှည်မျှော်မှန်းသည့် ခိုင်မြဲတည်တံ့ပြီး တန်းတူညီမျှသော ဆက်ဆံမှုများဖြင့် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Dr. Guido Westerwelle ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)